# ယနေ့တိုင်း

နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၈၈)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၁၀-၆-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ဆရာတော်ကြီးထံ ဆက်ကပ်အပ်နှံထားရှိသည့် နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်အား ပရိတ်နံ့သာရည်များပက်ဖျန်း၍ သဒ္ဓိမင်္ဂလာ ဆင်ယင်ကြစဉ်။

# နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဆောင်အယောင်ယာဉ်များကို ဆက်ကပ်အပ်နှံသည်။

စာမျက်နှာ ၂၄ သို့ ✪

**ယနေ့ ဖတ်စရာ အညွှန်း**


ပြည်ပသို့ ယခုဘဏ္ဍာနှစ် မေလအထိ ပြောင်းဖူးတန်ချိန် ၄၀၀၀၀၀ ကျော် တင်ပို့ခဲ့ — စာမျက်နှာ ၁၂

လျှပ်စစ်အန္တရာယ် အစဉ်သတိပြုပြယ် (ဆောင်းပါး) — စာမျက်နှာ ၁၇


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၉ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါ သည်။

မိုး/ဧလ

၂၀၂၄ ခုနှစ် ၊ ဇွန် ၁၀ ရက်၊ တနင်္လာနေ့။

# ဆက်သွယ်မှုပိုမိုဖွံ့ဖြိုးလာမည့် ပဲခူးမြစ်ကူးတံတား၊ သန်လျင်တံတားအမှတ်-၃

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နှင့် သန်လျင်မြို့တို့ကို ဆက်သွယ်ထားသည့် အရှည် ၈၆၃၈(ရှစ်ထောင့်ခြောက်ရာသုံးဆယ့်ရှစ်)ပေရှိသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)လေးလမ်းသွား တံတားသစ်ကြီးကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ သက်သာသည့်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုတံတားကြီးတည်ဆောက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအခြေအနေများကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်း၊ ချေးငွေကိစ္စရပ်များ တုံ့ဆိုင်းသွားခဲ့ပြီး အကြိမ်ကြိမ်ညှိနှိုင်းချက်များအရ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ရန်ပုံငွေသုံးစွဲမှုတွင် လိုအပ်ချက်ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ် ၄၆ ဘီလီယံကျော်ထည့်ဝင်ကျခံပြီး တံတားကြီးတည်ဆောက်ပြီးစီးရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တံတားကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)လေးလမ်းသွား တံတားသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် သန်လျင်တံတားအမှတ်(၁)တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်သည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ နောင်အခါတွင် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြုပြီး ဘားအံမြို့-မြဝတီမြို့အထိ ဆက်စပ်သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ဆက်သွယ်မှုပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်တွင် ပါဝင်သော "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး" ဟူသည့် အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများစွာ ပြုစေမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

တံတားအရှည်အနေဖြင့် မြစ်ကူးတံတားအပိုင်း ၆၆၆၃ ပေ၊ ကုန်းကျော်တံတားအပိုင်း ၁၉၇၅ ပေ၊ စုစုပေါင်း ၈၆၃၈ ပေရှိပြီး တံတားအကျယ် ၇၅ ပေဖြစ်ကြောင်း၊ ၄ လမ်းသွားတံတားဖြစ်ပြီး တစ်ဖက်လျှင် Safe Zone ၅ ပေစီပါရှိကြောင်း၊ တံတား၏ ရေလမ်းကင်းလွတ်အမြင့်မှာ ၄၃ ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၇၃၅ ပေဖြစ်ကြောင်း၊ သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)၊ Steel Box နှင့် PC Box အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

တံတားကြီးတည်ဆောက်ပြီးစီးသည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်း ခရိုင်မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေး ဇုန်နှင့် သန်လျင်ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်သာမက အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြု၍ ဘားအံ-မြဝတီအထိ ဆက်စပ်သွားလာနိုင်မည်ဖြစ်ပါသောကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ဆက်သွယ်မှုပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။ အဆင့်မြင့်နည်းပညာဖြင့် ဆောက်လုပ်ထားသည့် တံတားဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအနေဖြင့် တံတားတည်ဆောက်ခြင်း ခေတ်မီနည်းပညာနှင့် အတွေ့အကြုံ များရရှိခဲ့ပြီး ကျွမ်းကျင်လုပ်သားများလည်း ပေါ်ထွက်လာခဲ့ကြောင်းနှင့် အလုပ်အကိုင်အခွင့် အလမ်းများလည်း ပိုမိုရရှိစေခဲ့သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။



## အမရပူရမြို့နယ်တွင် နှံ့စပါး(မနောသုခ) စံကွက်ရိတ်သိမ်းပွဲပြုလုပ်

**အမရပူရ ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် နွေစပါး စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘနော ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၀)၊ ကွင်းအမည် ဘနောကွင်း၊ ဦးပိုင်အမှတ်(၁၁၃/၂)၊ ဧရိယာ(၂ ဒသမ ၇၁)ဧကရှိ တောင်သူဒေါ်တင်တင်စိုး၏ (မုရင်း)လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော နွေစပါး(မနောသုခ)စံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မိုးဆွေရည်နှင့် ဝန်ထမ်းများ စံကွက်ရိတ်သိမ်းသည်။ **(အပေါ်ပုံ)**

အဆိုပါ စံကွက်မှ တစ်ဧကလျှင် အစိုအထွက်တင်း(၁၀၅ ဒသမ ၄၇)တင်း ထွက်ရှိကြောင်း အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

**စိုးသီဟ(အမရ)**

## ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ နယ်နိမိတ် အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီး များ ရေအရည်အသွေးကောင်းမွန် ရေး၊ ရေစီးရေလာကောင်းမွန်ရေး



နှင့် သန့်ရှင်းသာယာရေး အတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်လုံးချမ်းသာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၂ လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၄ လမ်းနှင့် ၁၅ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၆ လမ်း တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၆ လမ်းနှင့် ၇၇ လမ်းကြား ဆယ်ယူရှင်းလင်းခြင်း နှင့် ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်း မှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၈ လမ်းနှင့် ၂၉ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်း တံတားထိပ်မြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဂျပန်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ၆၆ လမ်းနှင့် ၆၇ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၆B လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက် အသုံးပြု၍ ၁၂၄ လမ်းနှင့် ၁၂၅ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် (၈)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၁လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၃ လမ်းနှင့် ၁၃၄ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက်ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

»»» စာမျက်နှာ ၂၄ မှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းဝေစည်လျက် ရှိနေသည်မှာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဦးဆောင်မှုနှင့်အတူ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများက မိမိတို့စွမ်းဆောင်နိုင်သည့် စွမ်းအားအလျောက် ဓရနှစ်ဖြာသာသနာကို ဆောင်ရွက်တော်မူလျက်ရှိကြပြီး နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများကလည်း ပစ္စည်းလေးပါးတို့ဖြင့် အားပေးထောက်ပံ့လှူဒါန်းလျက်ရှိနေကြခြင်းမှာ ဆရာဒကာ လက်တွဲညီစွာ အားကြိုးမာန်တက် ဆောင်ရွက်ခြင်း၏ ကောင်းကျိုးများဖြစ်ကြောင်းကို ဝမ်းမြောက်ဂုဏ်ယူစွာ လျှောက်ထားအပ်ပါကြောင်း။

## တည်ထားပူဇော်နိုင်ခဲ့

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ကြီးတွင် ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ စုစုပေါင်း ဉာဏ်တော် ၈၁ ပေ အမြင့်ဆောင်သည့်အတွက် ကမ္ဘာပေါ်ရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်များအနက် ကမ္ဘာ့အကြီးဆုံး ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** ဟူသော ကောင်းကျိုးမြတ်နိုးရည်သန်ဆန္ဒမွန်ဖြင့် စေတနာရှင်အများပြည်သူတို့ စုပေါင်းလှူဒါန်း၍ အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ မြောက်ဘက် အရပ်မျက်နှာတွင် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့ကိုပါ တည်ထားပူဇော်ထားရှိပြီး ကျောက်စာရုံစေတီတော် အသီးသီးတွင် ဗုဒ္ဓဟောဖော် ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို မြန်မာဘာသာ၊ ရိုမန်ဘာသာတို့ဖြင့် ကျောက်စာတော် အချပ် ၁၄၄၀ ထည့်သွင်း၍ ရေးထွင်းပူဇော်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နှစ်စဉ် ဇန်နဝါရီလ ၄ ရက်လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာ သာသနာကို တည်တံ့ပြန့်ပွားအောင်၊ ထွန်းလင်းဝေစည်အောင် ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်မပျက် ဆက်ကပ်အပ်နှင်းချီးမြှင့်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို အားပေး ထောက်ပံ့လျက်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ သြဝါဒတော်များနှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းဝေစည်အောင် စဉ်ဆက်မပြတ် ထောက်ပံ့ပူဇော်နိုင်ရန် အားစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ထူးခြားမွန်မြတ်သော ဓမ္မပူဇာကုသိုလ်တော်အဖြစ် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်(မြန်မာ၊ ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ကျမ်းစာအုပ်များကို ပြည်တွင်း/ပြည်ပရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းလျက်ရှိပါကြောင်း။

စာမျက်နှာ ၄ သို့ »»»

**❂ နိုင်ငံတော်အစိုးရသည် နှစ်စဉ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာ သာသနာကို တည်တံ့ပြန့်ပွားအောင်၊ ထွန်းလင်းဝေစည်အောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ အားပေးချီးမြှောက် ထောက်ပံ့လှူဒါန်းလျက်ရှိကြသည့် ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်မပျက် ဆက်ကပ်အပ်နှင်းချီးမြှင့်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို အားပေးထောက်ပံ့လျက်ရှိ**

»»» စာမျက်နှာ ၃ မှ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သဗ္ဗညုဘုရားရှင် ဟောညွှန်တော်မူခဲ့သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟု ဆိုအပ်သော သာသနာတော်သုံးရပ်၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းစွာ ထမ်းဆောင်တော် မူကြသည့် သံဃာတော်အားလုံးကို ဦးဆောင်နေရသဖြင့် နိုင်ငံတော်၏ ဗုဒ္ဓသာသနာတော်အတွက် တာဝန်ကြီးမားစွာဖြင့် ဦးဆောင်နေရသည့် သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါကြောင်း။

**သာသနာ့တာဝန်များကို စိတ်လက်ပေါ့ပါးစွာ ထမ်းဆောင်တော်မူနိုင်ကြပါစေရန် ရည်သန်**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဦးဆောင်တာဝန်ယူဆောင်ရွက်နေသည့် ကာလတွင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သာသနာ့တာဝန်များကို စိတ်လက်ပေါ့ပါးစွာဖြင့် လွယ်ကူလျှင်မြန်စွာ ထမ်းဆောင်တော်မူနိုင်ကြပါစေရန် ရည်သန်လျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မဟာနာယက ဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် မော်တော်ယာဉ်များကို ဆက်ကပ်အပ်နှံသွားမည် ဖြစ်ပါကြောင်းနှင့် မဟာနာယက ဆရာတော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ အကျိုးကို အစဉ်သယ်ပိုး ထမ်းဆောင်နိုင်တော်မူကြပါစေကြောင်း လျှောက်ထားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးက သမ္မောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးတို့ထံသို့နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန် ကြီး ဦးတင်ဦးလွင် ဆရာတော်ထံ နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

ဆက်လက်ပြီး ကောင်စီတွဲဖက် အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ်များကို ဆက်ကပ်အပ်နှံကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**မေတ္တာပို့ဂါထာတော်များ ရွတ်ဆို**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်ကြီးများက ဘဝတုသုံးဂါထာနှင့် သမ္ဗုဒ္ဓေတိယော မေတ္တာပို့ ဂါထာတော်များကို ရွတ်ဆို၍ မေတ္တာပြုချီးမြှင့်တော်မူကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ယင်းနောက် အောင်အိုးကိုင် ဥပါသကာများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်ကြီးများအား နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ်များထားရှိသည့် သတ်မှတ်နေရာသို့ ကြိုဆိုပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်ကြီးများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့က နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်အပ်နှံထားရှိသည့် နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ်များအား တစ်စီးချင်းစီအလိုက် ပရိတ်နံ့သာရည်များ ပက်ဖျန်း၍ သဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အအုံများ၊ ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ လာရောက်စဉ် ခေတ္တသီတင်းသုံးသည့် အဆောင်များနှင့် လမ်းများ အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် FATF က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးလျက်ရှိခြင်း

၁။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) က မြန်မာနိုင်ငံအား တိုးမြှင့်စောင့်ကြည့်ခွင့်ရှိသည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under increased monitoring)မှ စိစစ်ဆောင်ရွက်မှုပြုရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသော နိုင်ငံနှင့် ဒေသများစာရင်း (High-Risk Jurisdictions subject to a call for Action) သို့ ပြောင်းရွှေ့ထည့်သွင်းခြင်းခံရမှုအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်တိုးတက်မှုများရှိလာပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) လုပ်ငန်းများနှင့် လူအများအပြား သေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ စံသတ်မှတ်ချက်များနှင့် အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အကြံပြုချက်များအတိုင်း စဉ်ဆက်မပြတ်လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများအား ပြုစုပြီး အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) ထံသို့ လေးလတစ်ကြိမ် ပေးပို့ခြင်း၊ ယင်းအဖွဲ့၏ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့များ တက်ရောက်၍ APJG မှအကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၄။ ရလဒ်ကောင်းများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် လက်ငင်းရလဒ် (၂) ခုဖြစ်သည့် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကြီးကြပ်ရေးအာဏာပိုင်များလုံလောက်စွာခန့်အပ်ခြင်းနှင့် ဘဏ်များအား ကြီးကြပ်စစ်ဆေးခြင်း၊ ၂၀၂၂ ခုနှစ်တွင် လက်ငင်းရလဒ် (၁) ခုဖြစ်သည့် လူအများအပြားသေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(PFTFS)အတွက် ကြီးကြပ်ရေးအာဏာပိုင်များအား သင်တန်းပေးခြင်း၊ ၂၀၂၃ ခုနှစ်တွင် လက်ငင်းရလဒ် (၁) ခုဖြစ်သည့် PF TFS အတွက် သတင်းပို့အဖွဲ့အစည်းများအား အသိပညာပေးခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းနှင့် ၂၀၂၄ ခုနှစ်တွင် လက်ငင်းရလဒ် (၁) ခုဖြစ်သည့် ကျောက်မျက်၊ ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့အား ဆုံးရှုံးနိုင်ခြေအခြေပြု ကြီးကြပ်စစ်ဆေးခြင်းစသည့်စုစုပေါင်းလက်ငင်းရလဒ် (၅) ခုသည် ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပါသည်။

၅။ ထို့အပြင် APG သို့ တစ်နှစ်လျှင် တစ်ကြိမ်တင်ပြလျက်ရှိသည့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်တိုးတက်မှုအစီရင်ခံစာ၌ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများ ထည့်သွင်းဖော်ပြပြီး အဆင့်သတ်မှတ်ချက်များ တိုးမြှင့်တောင်းခံခဲ့ရာ စဉ်ဆက်မပြတ်တိုးတက်မှု အစီရင်ခံစာ (၂၀၂၃) အား APG ၏ အကဲဖြတ်ချက်အရ အကြံပြုချက် (၂၅) ချက်အား စံနှုန်းသတ်မှတ်ချက် ကောင်းမွန်သည့် ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်ရရှိပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ၂၀၂၄ ခုနှစ်အတွင်း အကြံပြုချက် (၂) ချက်အပေါ် စံနှုန်းသတ်မှတ်ချက် တိုးတက်ကောင်းမွန်ကြောင်း အဆင့်တိုးမြှင့်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ပါ၍ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် FATF နှင့် APG တို့က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးလျက်ရှိပါကြောင်း အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၉-၆-၂၀၂၄)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)နှင့်သတင်းအချက်အလက်နည်းပညာတက္ကသိုလ်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပင်မသုံးထပ်စာသင်ဆောင်သစ် တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီ ကောင်းမွန်စေရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးအတွက် အဓိကထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိကာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နည်းပညာပြန့်ပွားရေးနှင့် အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးရန်၊ စာတွေ့သာမက လက်တွေ့လုပ်ငန်းခွင် အသုံးချနိုင်သည့် သင်ကြားသင်ယူမှုများကို ဆောင်ရွက်ရန်၊ စက်မှုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံးအပြည့်အဝ ဖြည့်ဆည်းပေးရန်နှင့် ကျောင်းသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများကိုမြှင့်တင်ရန်၊ စက်မှုလုပ်ငန်းရှင်များနှင့် စက်ရုံများအကြား ပူးပေါင်းလုပ်ဆောင်မှုတိုးမြှင့်ရန်မှာကြား၍ ဘောလုံးကွင်းနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ပင်မခြောက်ထပ်ဆောင် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာနှင့် အချိန်မီ ပြီးစီးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော် ဂျီတီအိုင်၌ ကျောင်းသားများ၏ ပြည်သူ့အကျိုးပြု သုတေသနပရောဂျက်များမှရလဒ်များကို စစ်ဆေးအားပေး




နေပြည်တော် ဇွန် ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည်ဇွန်၇ရက်မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၌ ပထမနှစ် အင်ဂျင်နီယာ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တတိယနှစ်အင်ဂျင်နီယာ သင်တန်းများရှိ မေဂျာစုံ ကျောင်းသားများဖြင့် စုဖွဲ့ထားသော သုတေသနအဖွဲ့များက သုတေသန ပရောဂျက်များဖြစ်သည့် ဘုရားစေတီတော်ရင်ပြင်တော်ပေါ် သန့်ရှင်းရေးလုပ်ငန်းသုံးစက်ရုပ်၊ စားသောက်ဆိုင်သုံး စားပွဲထိုးစက်ရုပ်၊ စီးသူကိုယ်တိုင်ထိန်းချုပ် မောင်းနှင်နိုင်သည့် လျှပ်စစ်ဝိုင်းချဲ့၊ စာအုပ်စင်အပါအဝင် ခေတ်မီဆန်းသစ်သော အိမ်သုံးပရိဘောဂပစ္စည်းများ၊ EV ဖြိုင်ကားများနှင့် နေပြည်တော် ဂျီတီအိုင်ကျောင်း လျှပ်စစ်သွယ်တန်းဖြန့်ဖြူးစနစ် ပုံစံငယ်တို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မွမ်းမံသွားရန်နှင့် သုတေသနရလဒ်များကို စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ ယခုပရောဂျက်များ အောင်မြင်ရေး အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများကို လုပ်ငန်းခွင်နှင့် ဘဝတစ်လျှောက်ထိန်းသိမ်းပြီး ဗလငါးတန်နှင့် ပြည့်စုံသော ပြည်သူ့အကျိုးပြု နည်းပညာရှင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး ဒေသတွင်းပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများကို ဖွင့်လှစ်ပေးရန်၊ ကျောင်းသားများ၏ အဖွဲ့လိုက် ပူးပေါင်း၍ တီထွင်ဖန်တီးနိုင်စွမ်းများကို အားပေးမြှင့်တင်နိုင်ရေး အခင်းအကျင်းများကို ဖြည့်ဆည်းပေးပြီး နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများ၏ တင်ပြမှုများအပေါ် ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးပြီး ကျောင်းစာကြည့်တိုက်အတွက် ပြည်သူ့နီတိအပါအဝင် သုတ၊ ရသစာအုပ်များကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်း၍ သုတေသနထူးချွန်ဆုရ ကျောင်းသားကျောင်းသူများထံ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အလုပ်ရုံများ၌ ကျောင်းသားများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းအတွင်းရှိ စာကြည့်တိုက် အခြေအနေနှင့် ပင်မဆောင်ရှေ့တပ်ဆင်ထားသော ဆိုလာစနစ်ဖြင့် ကျောင်းဥပမိရပ် တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ယဉ်ကျေးမှုဖွံ့ဖြိုးရေး ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၉

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇွန် ၁၁ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ (ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်**မှ ဝိုင်းမော်၊ ဆဒုံး၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီး၊ မိုးကောင်း၊ ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ မိုးမောက်၊ မြို့သစ်၊ မန်စီ၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကရင်ပြည်နယ်**မှ လှိုင်းဘွဲ၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ နဘူး၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်**မှ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ မင်းတပ်၊ မတူပီနှင့် အထူးအစီအစဉ် အထက (၂) မတူပီစာစစ်ဌာန၊ **ရခိုင်ပြည်နယ်**မှ သံတွဲပြင်ကုန်း၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တောင်၊ မြင့်ဂါ၊ ဆင်တက်မော်၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ကမ်းနီ၊ မြေပုံ၊ ကမ်းထောင့်ကြီး၊ ကျောက်ဖြူ၊ စနဲ၊ ဇင်ချောင်း၊ အမက၊ အစိုးရရပ်ကွက်၊ စစ်တော၊ အထက (၃) ကျောက်ဖြူ၊ အောက်မဒေးကျွန်း၊ ရမ်းဗြဲ၊ ကုန်းဘောင်(၁)၊ ကျောက်နီမော်၊ ဇရပ်ပြင်၊ အမ်း၊ တပ်တောင်၊ သံတွဲ၊ ကျောက်ကြီး၊ ကင်းမော်၊ ငပလီ၊ ဂွ၊ ကျိန္နလီ၊ ဆပ်သွား၊ တောင်ကုတ်၊ ရွာမ၊ အထက (၂) တောင်ကုတ်၊ မာန်အောင်၊ မောင်တော၊ တောင်ပြိုလက်ဝဲနှင့် ဘူးသီးတောင် စာစစ်ဌာန၊ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)**မှ မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း)**မှ တန့်ယန်း၊ မိုင်းရယ်၊ မူဆယ်၊ နမ့်ခမ်းနှင့် သီပေါစာစစ်ဌာန၊ **ရှမ်းပြည်နယ် (တောင်ပိုင်း)**မှ ဖယ်ခုံ၊ ဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ ထမ့်ယမ်း၊ ပင်လောင်း၊ နောင်တရား၊ တီဂျစ်၊ ပင်ခွန်၊ တင်းတက်၊ တလိုင်းမရွာသစ်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီး**မှ ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီး**မှ စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါနှင့် ဟံသာဝတီ စာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီး**မှ ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်၊ ချောင်းဦး၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင် စာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီး**မှ ကိုကိုးကျွန်း စာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ ၊ ၅၉၁၅ ကီလိုဟက်ဇ်မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလိုဟက်ဇ်မှလည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ယခုဘဏ္ဍာနှစ်တွင် မြို့နယ်များအတွင်း လမ်းအရှည်စုစုပေါင်း ၂၄ မိုင်ကျော်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်



**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဌာန ၁၄ ခုဖြင့် လုပ်ငန်းကဏ္ဍအလိုက် ဘက်စုံဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းအရှည် ၂၄ ဒသမ ၂၁ မိုင်ကို လမ်းခင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းတံတားဌာနမှ သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ် ၆ ခုရှိ လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်း၊ ကတ္တရာလမ်းမှ နိုင်လွန်ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် လမ်းပေါင်း ၅၆ ခုကို သင့်လျော်သော လမ်းအမျိုးအစားအလိုက် ခင်းကျင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူကပြောသည်။

''မြို့တော်နေလူထု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် လမ်းခင်းလုပ်ငန်းတွေအပြင် လိုအပ်တဲ့ တံတားတည်ဆောက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဘဏ္ဍာနှစ်အလိုက် ချထားပေးတဲ့ဘတ်ဂျက်အရ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနအသီးသီးက ပူးပေါင်းဆောင်ရွက်ကြပါတယ်''ဟု ၄င်းကပြောသည်။

ယခု ဘဏ္ဍာနှစ်တွင် လမ်းတံတားဌာနမှ တာဝန်ယူဆောင်ရွက်မည့် လမ်းခင်းလုပ်ငန်းများမှာ နိုင်လွန်ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းမှ ၁၂ လမ်း(၉ ဒသမ ၈၄ မိုင်)၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှ ၂၂လမ်း( ၇ ဒသမ ၆၂ မိုင်)၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှ ၁၀ လမ်း( ၂ ဒသမ ၁၄ မိုင်)နှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းမှ ၁၂ လမ်း ( ၄ ဒသမ ၆၁ မိုင်) စုစုပေါင်း လမ်းအရှည် ၂၄ ဒသမ ၂၁ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

''လမ်းတံတားဌာနမှာ မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်ရတဲ့ အင်ဂျင်နီယာတွေရှိပါတယ်။ သူ့မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုတွေကို တာဝန်ယူကြပြီး လမ်းတွေ တံတားတွေ ရေရှည်ခိုင်ခံ့ဖို့နဲ့ သတ်မှတ်စံချိန်စံညွှန်းဖြစ်စေရေးအတွက် ဌာနအင်ဂျင်နီယာတွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပါတယ်''ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ယခုဘဏ္ဍာနှစ်၌ တံတားခင်းလုပ်ငန်း ၁၅၆ ခုတွင် အရှည် ၄၃၉၃ ပေ(သုည ဒသမ ၈၃၂ မိုင်) ရေမြောင်းလုပ်ငန်း ၅၀ ခုတွင် ၆၂၄၆၆ ပေ(၁၀ ဒသမ ၈၃၀မိုင်)နှင့် ပလက်ဖောင်းလုပ်ငန်း ၁၅ ခုတွင် အရှည် ၃၉၃၆၄ ပေ (၇ ဒသမ ၄၅၅ မိုင်)တို့ကို လမ်းတံတားဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## မြို့မအလယ်တန်းကျောင်းတွင် ယိုယွင်းပျက်စီးနေသော စာသင်ခန်း ပြန်လည်ပြုပြင်

**ဖန်းမောက် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့ မြို့မအလယ်တန်းကျောင်းတွင် ယိုယွင်းပျက်စီးနေသော စာသင်ခန်းတချို့အား ယခုအခါ ကိုယ့်အားကိုယ်ကိုးပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိသည်။

နှစ်ပေါင်း ၆၀ ကျော်ခန့်က မူလတန်းကျောင်းဆောင်အဖြစ် တည်ဆောက်ခဲ့သော အလျားပေ ၁၀၀၊ အနံ ၁၂ပေနှင့် အမြင့် ၁၃ ပေရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်အတွင်းရှိ ကျောင်းဆောင်အပေါ်ထပ် G-9 စာသင်ခန်းနှစ်ခန်းနှင့် KG စာသင်ခန်းနှစ်ခန်းတို့မှာ မျက်နှာကြက်များ ကွာကျခြင်း၊ ထုပ်လျောက်ရက်မများ ဆွေးမြေ့လာခြင်း၊ ပြတင်းပေါက်တံခါးများ ပိတ်၍မရခြင်း၊ ခင်းပျဉ်များဆွေးမြေ့လာခြင်းနှင့် အောက်ပိုင်းတွင် ဆင့်များတချို့ကျိုး၍ ပျက်စီးလာနေခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများနှင့် ရပ်မိရပ်ဖများ၏ ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ကျောင်းပိတ်ရက်စနေ၊ တနင်္ဂနွေရက်များတွင် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အပေါ်အောက်စာသင်ခန်းနှစ်ခန်းအား ကိုယ့်အားကိုယ်ကိုး ပြုပြင်တည်ဆောက်ခြင်း ပြီးစီးသွားပြီဖြစ်သောကြောင့် ယင်း မြို့မအလယ်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အခန်းလုံလောက်မှုများ ရှိလာကြောင်းသိရသည်။

(၅၀၃)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၃၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသော ဆင်းရတနာ-၄ နှမ်းမျိုးများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ နွေနှမ်းများစိုက်ပျိုးရာတွင် ကြဲပက်စနစ်၊ တန်းဆွဲစနစ်၊ ဘောင်ကြီးတင်စနစ်များနှင့် နေရာဒေသအလိုက် စိုက်ပျိုးထားရှိရာ မြောင်းဦးကျေးရွာ တောင်သူဦးခင်မောင်အေး၏ ကြဲပက်စနစ်ဖြင့်စိုက်ပျိုးထားသော ဆင်းရတနာ-၄ နွေနှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



မြောင်းဦးကျေးရွာသည် တမုတ်စိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင်ပါဝင်သည့် ကျေးရွာအုပ်စု(၁)အုပ်စုဖြစ်ကြောင်းနှင့် နွေနှမ်းသီးနှံများကို ဇော်ဂျီဆည်မှ စိုက်ပျိုးရေများ ပေးဝေနေသည့် တမုတ်မြောင်းရေကို အဓိကရယူသုံးစွဲပြီး ကြဲပက်စနစ်ဖြင့် အများဆုံးစိုက်ပျိုးကြောင်း စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော ဆင်းရတနာ-၄ နှမ်းမျိုးများ အများဆုံး စိုက်ပျိုးကြသည်။

ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသော နွေနှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရန်အတွက် မြေပြုပြင်ချိန်မှစ၍ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့များရွေးချယ်စိုက်ပျိုးခြင်း၊ အပင်သားခွဲခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် လိုအပ်သည့်အချိန်များတွင် သွင်းအားစုထည့်သွင်းခြင်းများ ကွင်းဆင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မုံရွာမြို့ပတ်လမ်းတွင် အပြစ်မဲ့ အမျိုးသားတစ်ဦးကို တပ်မတော်က ပစ်သတ်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဇွန် ၇ ရက်က ကံမကျေးရွာအနီး မြို့ပတ်လမ်းသို့ တပ်မတော်က ကားဖြင့်ရောက်ရှိလာပြီး ကားပေါ်မှ အပြစ်မဲ့ အမျိုးသားတစ်ဦးကို သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း မဟုတ်မမှန်သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာခေတ်သစ်က လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်မှန်ကန်မှုရှိ/မရှိ သက်ဆိုင်ရာမြို့နယ်ရှိ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံဆက်သွယ်မေးမြန်းရာ အဆိုပါ သတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် သတင်းအမှားသာဖြစ်ကြောင်းသိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ




အနေဖြင့် ဒေသခံပြည်သူလူထုအပေါ် ဥပဒေမဲ့ ပြုကျင့်မှုများကို လုပ်ဆောင်ခြင်းမရှိပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ထုတ်ပြန်ထားသော တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် အခြေအမြစ်မရှိသော သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူအများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများအပေါ် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ထိတ်လန့်စေရန်အတွက် ကောလာဟလသတင်းများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သွေးတိုးရှိသော အသက်ကြီးသူများအနေဖြင့် ဦးနှောက်နှင့်မှတ်ဉာဏ်ပိုမိုထိခိုက်ချတ်ယွင်းလာနိုင်

အသက်အရွယ်ကြီးလာလျှင် ကိုယ်တွင်းရှိဇီဝဖြစ်စဉ်များ ငယ်ရွယ်စဉ်ကလောက် သွက်လက်ကောင်းမွန်ခြင်းမရှိတော့ဘဲ တဖြည်းဖြည်း နှေးကွေးလေးလံလာသည်။

ထိုမှတစ်ဆင့် အဆိုပါဖြစ်စဉ်များချတ်ယွင်းရာမှ အခြေအနေဆိုးလာတတ်သဖြင့် ဇရာကိုလူတိုင်းတုန့်လှုပ်လေ့ရှိသည်။



အမေရိကန်ပြည်ထောင်စု ဝိတ်ခ်ဖောရက်စ်တက္ကသိုလ်မှ အတွင်းဆေးပညာ လက်ထောက်ပါမောက္ခရစ်ချတ်ကာဇီဘွေဦးဆောင်သော သုတေသီများ လူကြီးများ၏သွေးတိုးရောဂါနှင့် ဆက်နွယ်သည့် နောက်ဆက်တွဲကျန်းမာရေးအခြေအနေများအကြောင်း စူးစမ်းလေ့လာခဲ့သည်။

ထိုသို့လေ့လာရာမှ သွေးတိုးရှိသော အသက်ကြီးသူများအနေဖြင့် ဦးနှောက်နှင့်မှတ်ဉာဏ်ပိုမိုထိခိုက်ချုက်ယွင်းလာနိုင်ကြောင်း တုန်လှုပ်စရာနောက်တစ်ချက်အဖြစ် ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ကုစားနိုင်သည့် နည်းလမ်းမှာ အသက်ကြီးသူများ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ရစ်ချတ်ကာဇီဘွေက ပြောကြားခဲ့ကြောင်း သိရသည်။ (SCI)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jon Bellion က Seven တေးရေးဆရာတစ်ဦးဖြစ်



ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကု၏ Seven ဂီတအယ်လ်ဘမ် တေးရေးဆရာ ဂျွန်ဘီလျံက သူ၏ခံစားချက်များကို ပြောကြားထားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါသီချင်းသည် ကမ္ဘာ့ဂီတတွင် ထိပ်ဆုံးအဆင့်ဝင်ခဲ့ပြီး မည်သည့်ကိုရီးယားအဆိုတော် မှမှ မရရှိခဲ့သည့် Seven က 8M ရရှိထားကာ နိုင်ငံပေါင်း ၂၁ နိုင်ငံ၏ Spotify တွင် ထိပ်ဆုံး၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ထိပ်ဆုံး ၅၀ စာရင်းဝင်ထားသည်။

ထို့အပြင် ယူကျူ့၊ အယ်ပါးမြူးဇစ်ဂလိုဘယ်တွင်လည်း အမြင့်ဆုံးစံချိန်တင်ကာ K Charts များတွင် တစ်နှင့်နှစ်အလှည့်ကျရရှိထားပြီး ဂျောင်ကု၏ တစ်ကိုယ်တော်ကြောင့် လူစိတ်ဝင်စားမှုများပြားခဲ့သည်ဟု ပြောကြားထားကာ Payol ဆိုသည့် အမိပ္ပာယ်ကိုပါ ပြောကြားသွားခဲ့သည်။ (SKY)

## New Jeans အဖွဲ့ Takyo Dome တွင် ဖျော်ဖြေခွင့်ရ

ကေပေါ့ပ်မျိုးဆက်သစ် အမျိုးသမီးအဖွဲ့ နယူးဂျင်းစ်သည် ပွဲဦးထွက်ပြီး နှစ်နှစ်မပြည့်မီပင် ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိခဲ့ပြီး Tokyo Dome တွင် ခြေချခွင့်ရ၍ အဖွဲ့လိုက်ဖျော်ဖြေခွင့်ရခဲ့သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့၏ ဂီတ Hype Boy ကဲ့သို့ အရည်အသွေးပြည့်သီချင်းများကို ဆက်တိုက်ထုတ်နိုင်ခဲ့သဖြင့် အချိန်တိုအတွင်း Tokyo Dome တွင် ဖျော်ဖြေခွင့်ရခဲ့ခြင်းဖြစ်သည်။

အဖွဲ့၏သီချင်းတိုင်း Ditto, Super Shy,ETA, OMG စသည်တို့က ခေတ်သစ်တစ်ခုကို ဆွဲခေါ်သွားသကဲ့သို့ခံစားရပြီး အသက် ၂၀ မပြည့်သေးသည့် မိန်းမပျိုလေးများက အသံပါဝါကောင်းကောင်း၊ ပါဖောမင့်အပြည့်နှင့် သီဆိုခဲ့သဖြင့် ပရိသတ်တစ်ခဲနက်အားပေးထားကြသည်။

နယူးဂျင်းစ်အဖွဲ့၏ New Jeans Fan Meeting Bunnies Camp 2024 Tokyo Dome ကို ပရိသတ်စောင့်မျှော်၍ အားပေးနေကြသည်။ (SKY)







## Xiao Zhan ၏ Where Dreams Begin The Youth Memories ဇာတ်လမ်းတွဲလူကြိုက်များ

စီစီတီဗွီဝမ်းမှ ထုတ်လွှင့်ပြသမှု(၃၁)ကြိမ်မြောက် Where Dreams Begin/ The Youth Memories ဇာတ်လမ်းတွဲပြသမှုကို လူကြိုက်များအားပေးခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပြဇာတ်အစီအစဉ်တွင် ရှောင်းကျန့်ပါဝင်ထားပြီး ရုပ်သံထုတ်လွှင့်မှုကိုပါ (၃၁)ကြိမ်မြောက်ပြသခဲ့ရာ ပရိသတ်တစ်ခဲနက်အားပေးမှုကြောင့် စီစီတီဗွီဝမ်းမှ ပြသမှုများဆက်လက်ပြုလုပ်ခဲ့ရသည်။

ရှောင်းကျန့်၏ Where Dreams Begin ပြဇာတ်ကို The Youth Memories ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဖန်တီး၍ တင်ဆက်ပြသခဲ့ရာ ပရိသတ်ကြိုက်နှစ်သက်အားပေးမှုမြင့်မားခဲ့သဖြင့် ထုတ်လွှင့်မှုအကြိမ်ကြိမ်ပြသပေးထားသည်။

ရှောင်းကျန့်ကို အဆိုတော်၊ သရုပ်ဆောင်၊ ဓာတ်ပုံဆရာ၊ ဒီဇိုင်းပညာရှင်သာမက ပြဇာတ်ကပြရာတွင် ရော၊ သရုပ်ဆောင်ရာတွင်ပါ အနုပညာစွမ်းအားပြည့်ဝသည်ဟု ဆိုကြသည်။(SKY)

## The Warlords တွင် ဟောင်ကောင်မင်းသားသုံးဦးပါဝင်

ဟောင်ကောင်ရုပ်ရှင်လောက၏ ထိပ်တန်းစာရင်းဝင် အန်ဒရီလောင်၊ ဂျက်လီနှင့်တာကီရှိကာနီရှိယိုတို့ သုံးဦးပါဝင်ထားသည့် The Warlords ရုပ်ရှင်ကို နာမည်ကြီးဒါရိုက်တာများကပင် ချီးကျူးထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ၁၈၆၀ ကာလတရုတ်ပြည် Qing မင်းဆက်ကို တော်လှန်သည့် Taiping Rebellion ကို အခြေတည်၍ လက်အောက်ခံနှင့်အုပ်စိုးသူများအကြောင်း အဓိကရိုက်ကူးတင်ပြထားသည်။

ဇာတ်ကားတစ်ဝက်အထိ စိတ်ကျေနပ်စရာအားကျစရာမြင်ကွင်းများပြထားပြီး ကျန်တစ်ဝက်တွင် စိတ်ကုန်စရာ၊လောဘ၊ အတ္တများနှင့် သွေးသောက်ညီအစ်ကိုသုံးဦး၏ မတူညီသောဇာတ်ကောင်စရိုက်များ၊ ပြောင်းလဲသွားသောဖြစ်ရပ်များကို မြင်တွေ့ကြရသည်။

ခမ်းနားကြီးကျယ်မှုများမပါသော်လည်း တရုတ်မန်ဒရင်းရုပ်ရှင်များအနက် The Warlords ဇာတ်လမ်းကို နာမည်ကြီးဒါရိုက်တာများ ချီးကျူးခဲ့ကြသည်ထိ သရုပ်ဆောင်သုံးဦး၏ ဇာတ်ရုပ်မှာ ပီပြင်ခဲ့ကြသည်။ (SKY)

0-0-0-0-0




## Jung Yun Ha Exhuma မင်းသမီးကင်ဆာရောဂါဖြစ်နေ

အောင်မြင်မှုများစွာ သိမ်းပိုက်ခဲ့သည့် Exhuma ဇာတ်ကားမှ မင်းသမီး ဂျောင်ယွန်ဟာသည် ကင်ဆာရောဂါဝေဒနာခံစားနေရ၍ သူ၏ရောဂါလက္ခဏာအကြောင်း ပရိသတ်ထံဝေမျှပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ယွန်ဟာက သူ၏ ကင်ဆာရောဂါလက္ခဏာများအကြောင်း အင်စတာဂရမ်မှတစ်ဆင့် ပရိသတ်ကို မျှဝေ၍ စိတ်ထွက်ပေါက်ရရန် အကြံဉာဏ်လည်း တောင်းထားခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်နှင့်သုံးလောက်က ကင်ဆာရောဂါတွေ့ရှိ၍ ခွဲစိတ်ခဲ့ပြီး ယခုကင်ဆာထပ်မံပေါ်လာ၍ ဒုတိယအကြိမ်ဆေးရုံမှဆင်းပြီး အိမ်သို့ပြန်လာခဲ့သည်။ ဆေးစစ်ချက်ရလဒ်မကောင်း၍ မည်သို့လုပ်ရမည်ကို အမျိုးမျိုးတွေးနေခဲ့သည်။



တစ်ယောက်တည်ကြိတ်ခံစားနေရ၍ စိတ်ထွက်ပေါက်အဖြစ် ယခုကဲ့သို့ ရေးသားမျှဝေခဲ့ရခြင်းဖြစ်သည်ကို နားလည်ပေးစေလိုကြောင်း အကြံဉာဏ်များလည်း ပေးစေလိုကြောင်း ဂျောင်းယွန်ဟာက ရေးသားထားသည်။ (SKY)

## Taylor Swift ကို Marvel ဇာတ်ကောင် Dazzler အဖြစ် မြင်တွေ့ရမည်

ကမ္ဘာကျော်အဆိုတော် တေလာဆွတ်ဖ်ကို Marvel Cinematic Universe ၏ ရုပ်ရှင်သစ် Deadpool & Wolveriness တွင် Mutant အဆိုတော် Dazzler အဖြစ် မြင်တွေ့ကြရမည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။



အဆိုပါရုပ်ရှင်၏ ပင်တိုင်သရုပ်ဆောင် Ryan Reynolds က အင်တာဗျူးတစ်ခုတွင် တေလာဆွတ်ဖ်နှင့်ပတ်သက်၍ Mutant အဆိုတော် Dazzler အဖြစ် ပါဝင်လာမည်ဟု တရားဝင်ပြောကြားသွားသည်။

ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်မည့် ယင်းရုပ်ရှင်တွင် တေလာဆွတ်ဖ်၏ အသံသရုပ်ဆောင်မှုကို မြင်တွေ့ရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်တစား မျှော်လင့်နေကြသည်။

တေလာဆွတ်ဖ် Mutant အဆိုတော် Dazzler နေရာမှ ပါဝင်မည်ဖြစ်၍ ပရိသတ်များ စိတ်ဝင်စားမှုမြင့်မားစွာ စောင့်မျှော်နေကြသည်။ (SKY)




## အစ္စရေးအထူးတပ်ဖွဲ့ဝင်များ ကယ်ဆယ်သဖြင့် အာဂါမာနီနှင့် အခြားဓားစာခံသုံးဦး လွတ်မြောက်



**ဂျေရုဆလင် ဇွန် ၉**

ဇွန် ၈ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်းတစ်နေရာ၌ အစ္စရေးအထူးတပ်ဖွဲ့ လျှပ်တစ်ပြက်စစ်ဆင်ရေးပြုလုပ်ခဲ့ပြီး နိုအာအာဂါမာနီဟုအမည်ရသော အသက် ၂၆ နှစ်အရွယ် အမျိုးသမီးနှင့် အခြားအစ္စရေးဓားစာခံသုံးဦး လွတ်မြောက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဟားမတ်စ်တို့လက်ဝယ်၌ ၈ လကြာထိန်းသိမ်းခံခဲ့ရသော အာဂါမာနီ အစ္စရေးစစ်ရဟတ်ယာဉ်ပေါ်မှဆင်းလာပြီးနောက် ဖခင်ယာကော့ဗ်က ပွေ့ဖက်နမ်းရှုတ်ပြီး ကြိုဆိုခဲ့သည်။

ကျွန်တော့်မွေးနေ့မှာ သမီးလေးပြန်ရောက်လာသလို လက်ဆောင်မျိုး ဘယ်တုန်းကမှရမယ်လို့ မယုံကြည်ခဲ့ဖူးပါဘူးဟု ဖခင်ယာကော့ဗ်က ပြောကြားသည်။

သားအဖနှစ်ယောက် ထိုသို့တွေ့ဆုံပြီးနောက် တဲလ်အဗစ်ဆေးရုံတွင် ဦးနှောက်ကင်ဆာရောဂါခံစားနေရသည့်တိုင် သမီးဖြစ်သူ မိမိကို ခုတင်ပေါ်၌ စောင့်မျှော်နေသော မိခင်ထံသို့ အာဂါမာနီ ဆက်လက် သွားရောက်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**Mon**

## ဒေလီ ဇွန် ၉

မကြာသေးမီက ပြီးဆုံးသော အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် နာရင်ဒရာမိုဒီ ဦးဆောင်သော ဘီဂျေပီပါတီက ထောက်ခံမဲအများဆုံးရသော်လည်း သတ်မှတ်မဲပမာဏမပြည့်မီသဖြင့် အစိုးရဖွဲ့စည်းရန် ပါတီငယ်များနှင့် ပူးပေါင်းခဲ့ရသည်။

ဘီဂျေပီပါတီအနေဖြင့် ထောက်ခံမဲအများဆုံးရရှိခဲ့ခြင်းဖြစ်ရာ နာရင်ဒရာမိုဒီက ဝန်ကြီးချုပ်ရာထူးရယူပိုင်ခွင့်ရှိသော်လည်း အစိုးရအဖွဲ့ကို ၎င်း၏အလိုကျ ဦးဆောင်ဖွဲ့စည်းခွင့်

# ဝန်ကြီးချုပ် တတိယသက်တမ်းအတွက် နာရင်ဒရာမိုဒီ ကျိုတင်ဆွေးနွေးစီစဉ်ပြီးဖြစ်



မရဘဲ ကျောထောက်နောက်ခံပြုမည့် ပါတီငယ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ရသည်။

ပါလီမန်၌ အမတ်နေရာ ၃၂ နေရာလိုနေသော ဘီဂျေပီပါတီ၏ ခေါင်းဆောင် နာရင်ဒရာမိုဒီသည် သည် ပါတီငယ် ၁၅ ပါတီဖြင့်ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့နှင့် တွေ့ဆုံကာ ကြိုတင်ဆွေးနွေးစီစဉ်ပြီးဖြစ်ကြောင်း ဇွန် ၈ရက်က အတည်ပြုပြောဆိုသည်။

ထိုသို့ ဆွေးနွေးသဘောတူညီမှုအရ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့၌ အင်အားအကြီးဆုံး တေလဂူဒေဆမ်းပါတီကို ဝန်ကြီးနေရာ လေးနေရာပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# တော်ဝင်မိသားစုကို စော်ကားမှုစွဲချက်နှင့်ပတ်သက်၍ သက်ဆင်ရှီနာဝါထရာ တရားရင်ဆိုင်ရန် အသင့်ရှိနေ



**ဘန်ကောက် ဇွန် ၉**

တော်ဝင်မိသားစုကို စော်ကားမှု စွဲချက်နှင့်ပတ်သက်၍ မိမိဘက်မှ တရားရင်ဆိုင်ရန် အသင့်ရှိနေသည်ဟု အသက်၇၄နှစ်အရွယ် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှီနာဝါထရာ ဇွန် ၈ ရက်က ထုတ်ဖော်ပြောဆိုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှမဖြစ်သူ ယင်လတ်ရှီနာဝါထရာဝန်ကြီးချုပ်အဖြစ်မှ ဖယ်ရှားခံရပြီးနောက် ပြည်ပသတင်းမီဒီယာမှတစ်ဆင့်၎င်း လက်လွှတ်စပယ်ဝေဖန်ပြောဆိုမိခဲ့သော စကားကို အကြောင်းပြုကာ ဘန်ကောက်တရားရုံးတွင် အစိုးရရှေ့နေက တရားလိုပြုလုပ်ပြီး အမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် အစိုးရရှေ့နေနှင့် လာမည့် ဇွန် ၁၈ ရက်တွင် တွေ့ရမည်ဖြစ်ပြီး စွဲချက်သည် အခြေအမြစ်မရှိသဖြင့် စိုးရိမ်ကြောင့်ကြမှုမခံစားရကြောင်း သက်ဆင်ရှီနာဝါထရာက ထုတ်ဖော်ပြောကြားသည်။

၎င်းသည် ပြည်ပြေးဘဝဖြင့် ၁၅နှစ်ကြာ ပြည်ပတွင် လှည့်လည်နေထိုင်ခဲ့ပြီးနောက် လွန်ခဲ့သော ၂၀၂၃ ခုနှစ်က ဌာနေထိုင်းနိုင်ငံသို့ ပြန်လာခဲ့သည်။

ထိုသို့ပြန်လာချိန်နှင့် ၎င်းတည်ထောင်ခဲ့သော ဖူထိုင်းပါတီ အာဏာရချိန်တိုက်ဆိုင်သည့်တိုင် အာဏာအလွဲသုံးမှုဖြင့် ထောင်ဒဏ် ၈ နှစ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

ကျန်းမာရေးအခြေအနေအရ ဘန်ကောက်မြို့တော်ရှိ ရဲဆေးရုံတွင် ဆေးဝါးကုသမှုခံယူကာ ထိုင်းဘုရင်၏ လွတ်ငြိမ်းချမ်းသာခွင့်အရ ဖေဖော်ဝါရီလတွင် သက်ဆင်လွတ်မြောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

မြောက်ကိုရီးယားဘက်က အမှိုက်အိတ်ပါသည့် မိုးပျံဘောလုံးများပို့လွှတ်ခဲ့သည်ကို တုံ့ပြန်သောအားဖြင့် တောင်ကိုရီးယားဘက်က နယ်စပ်မှ ဝါဒဖြန့်အသံလွှင့်မှု ပြန်လည်လုပ်ဆောင်ရန် ဇွန် ၉ ရက်၌ အသံချဲ့စက်များ တပ်ဆင်နေကြစဉ်။

**Mon**



# တောင်ကိုရီးယားအစိုးရနှင့် ဆရာဝန်များအကြား မစေ့စပ်မညှိနိုင်းဘဲ သဘောထားကွဲလွဲနေဆဲ

**ဆိုးလ် ဇွန် ၉**

တောင်ကိုရီးယားအစိုးရနှင့်ဆရာဝန်များအကြား ဆေးကျောင်းသားအရေအတွက် တိုးမြှင့်ခေါ်ယူမည့်ကိစ္စနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် ပြေလည်အောင်မစေ့စပ်မညှိနိုင်းဘဲ သဘောထားကွဲလွဲနေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစပိုင်းတွင် အလုပ်သင်ဆရာဝန်များက တောင်ကိုရီးယားအစိုးရ၏အစီအစဉ်ကို ကန့်ကွက်သောအားဖြင့် ဆေးရုံအသီးသီးမှ တာဝန်များကို စွန့်လွှတ်ပြီး လမ်းပေါ်သို့ ထွက်ခဲ့ကြသည်။



တောင်ကိုရီးယားနိုင်ငံရှိ ဆရာဝန်နှင့် လူနာအချိုးအစား ညီမျှစေလိုသဖြင့် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သမ္မတယွန်းဆွတ်ယူးလ်ကိုယ်တိုင်က ရုပ်မြင်သံကြားမှတစ်ဆင့် ရှင်းပြကာ အလုပ်ထွက်သွားသော အလုပ်သင်ဆရာဝန်များ မူလဆေးရုံအသီးသီးသို့ ပြန်လာကြရန်လည်း ပန်ကြားခဲ့ပြီးဖြစ်သည်။

ယခုနောက်ပိုင်းတွင် ဆရာဝန်ပေါင်း ၁၄၀၀၀၀ ဦးကို ကိုယ်စားပြုသော ကိုရီးယားဆေးဘက်ဆိုင်ရာအစည်းအရုံးကပင် လျှင် တောင်ကိုရီးယားအစိုးရကို ကန့်ကွက်လာသည်။

ဇွန် ၁၈ ရက်တွင် ထိုအစည်းအရုံးက ဦးဆောင်ကာ အစိုးရ၏ဆေးကျောင်းသားတိုးမြှင့်ခေါ်ယူမည့်အစီအစဉ်ကို စုဝေး ကန့်ကွက်ကြဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# ဒီဇယ်ဈေးအတက်အကျ ထိန်းညှိပေးနိုင်ရန် မလေးရှား၌ ဈေးနှုန်းလေးမျိုးဖြင့် ရောင်းချခဲ့

**ကွာလာလမ်ပူ ဇွန် ၉**

ဒီဇယ်ဈေးအတက်အကျ ထိန်းညှိပေးနိုင်ရန် မလေးရှား၌ ဈေးနှုန်းလေးမျိုးဖြင့်ရောင်းချခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အိမ်နီးချင်းနိုင်ငံအချို့သို့ မှောင်ခိုဈေးကွက်မှတစ်ဆင့် ဒီဇယ်တင်ပို့ရောင်းချရာမှ ပြည်တွင်းလောင်စာဈေးကွက်၌ ဈေးနှုန်းကမောက်ကမ ဖြစ်ခဲ့သည်။

ထိုအခြေအနေကိုထိန်းချုပ်ရန် မလေးရှားအစိုးရက ဈေးနှုန်းခွဲခြားသတ်မှတ်ရောင်းချကာ ကြပ်မတ်ဆောင်ရွက်သော်လည်း ထူးခြားမလာကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဒီမိုကရက်တစ်လွတ်လပ်ခွင့်များ အလွဲသုံးမှုဖြင့် ဗီယက်နမ် သတင်းစာဆရာ ဟွန်ဒတ်ထိန်းသိမ်းခံရ



**ဟနွိုင်း ဇွန် ၉**

ဒီမိုကရက်တစ်လွတ်လပ်ခွင့်များ အလွဲသုံးမှုဖြင့် အသက် ၆၂ နှစ်အရွယ် ဗီယက်နမ် သတင်းစာဆရာ ဟွန်ဒတ်ထိန်းသိမ်းခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ဗီယက်နမ်သမ္မတတိုလမ်၊ ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ် ငုယင်ဖူထရောင်အပါအဝင် ထိပ်တန်းခေါင်းဆောင်များ အကြောင်းဝေဖန်ကာ အင်တာနက်လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ခဲ့ပြီးနောက် ထိုသို့ထိန်းသိမ်းခံရခြင်း ဖြစ်သည်။

ဟွန်ဒတ်သည် ၂၀၁၂ ခုနှစ်က အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်၌ မိတ်သဟာယအစီအစဉ်ဖြင့် တစ်နှစ်ကြာ သတင်းစာပညာဆည်းပူးလေ့လာခဲ့ကြောင်း သိရသည်။

**Mon**



## ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး (com paign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ဓာတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘိလပ်မြေအိတ်များတင်ဆောင်လာသောတွဲသင်္ဘောရေဝတီတံတားတိုင်အား ဝင်ရောက်တိုက်မိ၍နစ်မြုပ်



**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ထောက်ရှာပင်ကျေးရွာအနီး၊ ဧရာဝတီတံတားတိုင် အမှတ်(၁၇/၁၈)ကြားတွင် ဇွန် ၇ရက်၊ မွန်းလွဲ ၂နာရီခန့်က ဘိလပ်မြေအိတ်များ တင်ဆောင်လာသော စီပီတွဲသင်္ဘောသည် တံတားတိုင်အား ဝင်ရောက်ပွတ်တိုက်မိပြီး ဝမ်းဗိုက်ပေါက်၍ ရေဝင်ရောက်နစ်မြုပ်မှု ဖြစ်ပွားကြောင်း သိရှိရသဖြင့် မင်းဘူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်စက်ယာဉ် ၁စီး၊ အုပ်ချုပ်မှုယာဉ် ၁စီး၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ထွက်ခွာဆောင်ရွက်ပေးခဲ့ရာ ညနေ ၅နာရီ မိနစ် ၅၀တွင် ပြီးစီးခဲ့ပြီး တွဲသင်္ဘောပေါ်တွင်ပါရှိသူများ ကမ်းပေါ်သို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)(၀၄၅)

## ရမည်းသင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

**မန္တလေး ဇွန် ၉**

မူးယစ်တပ်ဖွဲ့စု(၅၅)(မိတ္ထီလာမြို့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ရမည်းသင်းမြို့နယ်၊ ရန်ကုန်-မန္တလေးသွား အမြန်လမ်းတွင် အမျိုးသား တစ်ဦးအား မူးယစ်ဆေးဝါးများနှင့်ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဇွန် ၄ရက် ညနေ ၄နာရီခွဲက မူးယစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ်(၂၅၇/၁)အနီးတွင် ဆိုင်ကယ်တစ်စီးဖြင့် ရပ်နေသူ အေးလွင်ဆိုသူအား စစ်ဆေးရာမှ ဘေးလွယ်အိတ်အတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ၅ထုပ် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀ပါ(၁)ထုပ်အား သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူခဲ့ကြသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြား မူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ အေးလွင်(၄၄)နှစ်ဆိုသူအား ရမည်းသင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

## ဆိုင်ကယ်ပြင်ဆိုင်ဖောက်ထွင်းခိုးယူသူများအား ပိုင်ရှင်က စုံစမ်းဖော်ထုတ်

**ရွှေကူ ဇွန် ၉**

ကချင်ပြည်နယ်၊ ရွှေကူမြို့တွင် မေလ စတုတ္ထပတ်အတွင်း ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်အား ဖောက်ထွင်းခိုးယူခံရမှု ဖြစ်ပေါ်ခဲ့ပြီး ဆိုင်ရှင်မှ ခိုးယူခံရသည့် ဆိုင်ကယ်အပိုပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများအား ခိုးယူသူအား စုံစမ်းရာမှ ဇွန် ၆ရက်တွင် ခိုးရာပါ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း ရွှေကူမြို့မ ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ရက်က ရွှေကူမြို့၊ ဘောဂဗလရပ်ကွက်တွင် ရန်ရှင်းအမည်ဖြင့် ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်း လုပ်ကိုင်လျက်ရှိရာမှ ဆိုင်ကယ်ဝပ်ရှော့ဆိုင်ခန်းအား ဖွင့်လှစ်ရန်သွားရောက်ချိန် ဆိုင်ခန်း(၂)ခန်းရှိသည့်အနက် အခန်း (၁)ခန်း၏ တံခါးဂျက်များ ပျက်စီး၍ တံခါးပွင့်နေသည်ကို တွေ့ရှိရသဖြင့် ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်ကယ်ပိုင်ရှင်များ ပြင်ဆင်ရန်အပ်နှံထားသည့် ဆိုင်ကယ်များမှ အပိုပစ္စည်းများ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဆိုင်ကယ်ပြင်ဆိုင်အတွင်း ဖောက်ထွင်းခိုးယူသူများအား စုံစမ်းခဲ့ရာ ရွှေကူမြို့နေသူများဖြစ်သည့် စိုးရန်နိုင်မင်း(ခ) ဝကစ်နှင့် ဝင်းမင်းဆန်း(ခ)ဆန်နီ ဆိုသူတို့ ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သွားလာတတ်သောနေရာများနှင့် ခိုးယူသွားသည့်ပစ္စည်းများကို ထုခွဲရောင်းချနိုင်မည့်နေရာများအား ထပ်မံစုံစမ်းခဲ့ရာ ဇွန် ၆ရက် နံနက် ၇နာရီခွဲက ၎င်းတို့နှစ်ဦးမှာ ဘောဂဗလရပ်ရှိ ကချင်သံချိုင်းတွင် ရောက်ရှိနေကြောင်း သတင်းအရ ဆိုင်ရှင်သည် သူငယ်ချင်းများအား သက်သေအဖြစ် ခေါ်ဆောင်ပြီး သွားရောက်မေးမြန်းရာ ခိုးယူသွားခဲ့သော ပစ္စည်းများအနက်မှ တရုတ် DT (JIALING DT-125) အင်ဂျင်လုံး ၁လုံးအား ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ သံတိုသံစဆိုင်တွင် ထုခွဲရောင်းချထားကြောင်း သိရသဖြင့် ရွှေကူမြို့မ ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်လှစ်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်ကြောင့် ဆိုင်ကယ်ပြင်ဆိုင်အား ဖောက်ထွင်းခိုးယူမှုကျူးလွန်သူများဖြစ်သည့် စိုးရန်နိုင်မင်း(ခ)ဝကစ်(၂၃နှစ်)နှင့် ဝင်းမင်းဆန်း(ခ)ဆန်နီ(၂၇နှစ်)တို့ နှစ်ဦးအား ရွှေကူမြို့မ ရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ် အရေးယူထားကြောင်း သိရသည်။

(၄၄၄)

## စကားများရန်ဖြစ်ပြီး အငြိုးဖွဲ့ကာ ဓားဖြင့်ခုတ်သတ်မှု ဖြစ်ပွား

**ချီဖွေ ဇွန် ၉**

ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် ဇွန် ၆ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦးအား စကားများရန်ဖြစ်ထားသည်ကို အငြိုးဖွဲ့ကာ ဓားဖြင့်ခုတ်သတ်မှု ကျူးလွန်ခဲ့ကြောင်း ချီဖွေမြို့မ ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၆ရက် မွန်းလွဲ ၁နာရီခွဲက ချီဖွေပြည်သူ့ဆေးရုံ၌ ဓားဒဏ်ရာဖြင့် လူသေအလောင်း တစ်လောင်း ရောက်ရှိနေကြောင်း သတင်းအရ ချီဖွေမြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲမှူးသန်းကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လည်ပင်းပြတ်လု နီးပါးဒဏ်ရာဖြင့် သေဆုံး နေသော အမျိုးသားတစ်ဦးအားတွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ သေဆုံးသူမှာ ကျော်စွာလင်းဖြစ်ကြောင်းသိရှိရပြီး သေဆုံးသူနှင့် တစ်အိမ်တည်း အတူနေထိုင်သည့် သန့်ဇင်စိုးဆိုသူတို့နှစ်ဦးသည် ဇွန် ၅ရက် ညနေ ၅နာရီခွဲတွင် အရက်သေစာ သောက်စားထားပြီး စကားများရန်ဖြစ်ရာမှ ကျော်စွာလင်းက သန့်ဇင်စိုးအား မင်းကို ဓားနှင့်ခုတ်သတ်မည်ဟု ဓားကိုင်ပြောဆိုသည်ကို သန့်ဇင်စိုးမှ မကျေမနပ်ဖြစ်ကာ ဇွန် ၆ရက် နံနက် ၇နာရီ ၄၀မိနစ်တွင် ကျော်စွာလင်း နေအိမ်တွင် ထမင်းစားနေစဉ် သန့်ဇင်စိုးမှ နေအိမ်မီးဖိုခန်းအတွင်းမှ ဓားမအားယူ၍ ကျော်စွာလင်း၏ လည်ပင်းအား မီးဖိုခန်းသုံးဓားမဖြင့် ခုတ်ခဲ့သဖြင့် ဦးခေါင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်ကြောင့် လူသတ်မှုကျူးလွန်သူ သန့်ဇင်စိုး (၁၉)နှစ် ဆိုသူအား ချီဖွေမြို့မရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ် အရေးယူထားကြောင်း သိရသည်။

(၄၄၄)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် ညနေ ၅နာရီခွဲက သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်စီတုံကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ဇော်ထွေးဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇော်ထွေး(၂၄နှစ်) ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ဘဝဆည်းဆာ ဓမ္မရိပ်သာနှင့် ရသဘဏ် စာကြည့်တိုက်

ကျွန်ုပ်တို့၏ မန္တလေးတွင် ယခုနှစ် မေလလယ်ပိုင်း၌ အပူရှိန်လွန်ကဲမှုက သိသာနေသဖြင့် တနင်္ဂနွေနေ့တိုင်းဝယ် တွေ့ဆုံနေကျဖြစ်သော နန်းရှေ့"စာပေတင်းကုပ်"ဆုံမှတ်ကို ခေတ္တယာယီ ရပ်နားမည်ဖြစ်ကြောင်း ဆရာအောင်တင်ဝင်း (ငါ့သရောက်)က အားလုံးကို အသိပေးခဲ့ပါသည်။ သို့သော် အကြောင်းအားလျော်စွာပင် မေလကုန်ပိုင်းတွင် မိုးရိပ်လေရိပ်သဏ္ဌာန်တို့ နီးထလာဟန် အရိပ်အရောင်ပေးလာသဖြင့် ဆရာတော်ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)မှာ ပြန်လည်တွေ့ဆုံနိုင်ကြရန် မိန့်ကြားလာသောကြောင့်(၂၆-၅-၂၀၂၄)တွင် ပြန်လည်သက်ဝင်လျက် စာအကြောင်းပေကြောင်းများ ပြန်လည်မျှဝေနိုင်ခဲ့ပါသည်။ ထို့အပြင် ဆရာတော် စတင်အကောင်အထည်ဖော်လျက်ရှိနေသော ဇော်ဂျီမြစ်၏ အရှေ့ဘက်ကမ်း စဥ့်ကိုင်မြို့နယ် ကျောက်တန်းကျေးရွာရှိ "ဘဝဆည်းဆာဓမ္မရိပ်သာ"တွင် "ရသဘဏ်စာကြည့်တိုက်"ဖွင့်လှစ်ရန် (၂-၆-၂၀၂၄)နေ့ကို ရွေးချယ်ထားကြောင်း မိန့်ကြားခဲ့ပါသည်။

သို့ပါ၍ ထိုနေ့နံနက်တွင် ကျွန်ုပ်တို့သည် ဆုံစည်းနေကြ နန်းရှေ့စာပေတင်းကုပ်မှ စုစည်းလျက် ကားများဖြင့် ထွက်ခွာလာခဲ့ပါသည်။ ထူးခြားသည်မှာ ထိုနေ့က မိုးဖွဲမိုးပွင့်လေးများက လမ်းခရီးတစ်လျှောက်တွင် ကြိုဆိုလျက် အေးချမ်းမှုတို့ဖြင့် လွှမ်းခြုံလျက်ရှိလေသည်။ သို့နှင့်ပင် မိုးလေးတဖွဲဖွဲကြားတွင် ဆရာတော်၏ ဘဝဆည်းဆာ ဓမ္မရိပ်သာသို့ ရောက်ရှိခဲ့ပါသည်။ မရှေးမနှောင်းမှာပင် ပုသိမ်ကြီး၊ အမရပူရ၊ အင်းဝမှ စာပေမိတ်ဆွေများသည်လည်း ရောက်ရှိလာခဲ့ကြပါသည်။

ဦးစွာခြေချမိသည်မှာ နားနေဆောင်ပင် ဖြစ်ပါသည်။ နားနေဆောင်နှင့်တူရူမျက်နှာချင်းဆိုင်တွင် ဆရာတော်၏ ဦးဆောင်ကွပ်ကဲမှုကို ခံယူလျက် ဆောက်လုပ်လှူဒါန်းထားသော ရွှေစင်အကယ်ဒမီ ကိုဖိုးသံ၏ ရသဘဏ် စာကြည့်တိုက်ကို တွေ့မြင်လိုက်ရပါသည်။ စာကြည့်တိုက်မှာ အတော်ပင် ကျယ်ဝန်း၍ ခန့်ထည်စွာ ကျွန်ုပ်တို့အား စောင့်ကြိုနေပါသည်။ စာကြည့်တိုက်၏ ခေါင်မိုးစွန်း အထက်နားတွင်"ငါသည် ပရဟိတအတွက်ဖြစ်စေရမည်၊ ပရဟိတသည် ငါ့အတွက် မဖြစ်စေရ"ဟူသော စာတန်းကို ဘောင်ကွပ်လျက် မြင်တွေ့ရသည်။

ခေါင်မိုးစွန်းအောက်နားတွင်"ရွှေစင်အကယ်ဒမီ ကိုဖိုးသံရဲ့ ရသဘဏ်စာကြည့်တိုက်"ဟူသော စာတန်းကိုဘောင်ကွပ်လျက် မြင်တွေ့လိုက်ရပါသည်။ ဆရာတော်၏ ရင်တွင်းစကားဖြစ်သော "မိမိကိုချစ်ရင်စာဖတ်၊ မိသားစုကိုချစ်ရင်စာဖတ်၊ ပတ်ဝန်းကျင်ကိုချစ်ရင်စာဖတ်၊ လူမျိုးကို ချစ်ရင်စာဖတ်၊ နိုင်ငံကိုချစ်ရင်စာဖတ်၊ ကမ္ဘာကြီးကို ချစ်ရင်စာဖတ်၊ ကမ္ဘာငြိမ်းချမ်းရေးကိုချစ်ရင် စာဖတ်၊ စာဖတ်ခြင်းသည်စွန့်လွှတ်အနစ်နာခံခြင်း၊ စာနာနားလည်ခြင်း၊ ဖေးကူအားပေးခြင်းစတဲ့ အပြစ်ကင်းသန့်တဲ့ ချစ်ခြင်းမေတ္တာရနံ့တွေ ပေးစွမ်းနိုင်ပါတယ်"ဟူသည့် စာပိုဒ်ကို တံစက်မြိတ်၏ အောက်နားလက်ဝဲဘက်တွင် မြင်တွေ့ရပါသည်။

စာကြည့်တိုက်အတွင်းသို့ လှေကားငယ်ဖြင့် ယောင်ယောင်မျှ အနည်းငယ်တက် ပြီးသွားလေ



သော် စာအုပ်စင်များက အတန်းလိုက်နံရံကို ကျောမှီလျက် ကျွန်ုပ်တို့အား စောင့်ကြိုနေပါတော့သည်။ စာအုပ်များမှာ သုတ၊ ရသစုံလှသည်။ နာမည်ရ စာရေးဆရာကြီးများ၊ ဆရာမကြီးများ၏ စာအုပ်များသာမက ဘာသာရပ်ဆိုင်ရာစာအုပ်များနှင့် ဘာသာရေးဆိုင်ရာစာအုပ်များကို သပ်ရပ်စွာ စီရီစွာဖြင့် မြင်တွေ့ရသည်။

မိုးအနည်းငယ် ငြိမ်သက်သော နံနက်၁၀နာရီခန့်တွင် ဆရာတော်က စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ဖို့ စတင်ပြင်ဆင်ရန် မိန့်ကြားလာပါသဖြင့် စာကြည့်တိုက်၏ ရှေ့မြက်ခင်းပြင်ပေါ်ရှိ ပန်းလှေအနီးတွင် ဖဲကြိုးဖြတ် အခမ်းအနားပြုလုပ်ရန် ဟန်ပြင်ကြပါသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ ဆရာမောင်ရဲနွေ(ပလိပ်)က အခမ်းအနားမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီးလျှင် အခမ်းအနားအစီအစဉ်အရ ဆရာတော်ဘဒ္ဒန္တ ပညာဝံသ၊ ရွှေစင်အကယ်ဒမီကိုဖိုးသံ၊ ဆရာအောင်တင်ဝင်း(ငါ့သရောက်)တို့က အောင်မြင်စွာ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။

ထို့နောက် ပုလဲဆရာတော်က "မြန်မာပြည်ကြီးသည် လူ၏ခန္ဓာကိုယ်ဖြစ်ခဲ့ပါမူ စာပေသည် လူ၏နှလုံးသားပင်ဖြစ်ကြောင်း၊ မိမိခန္ဓာကိုယ်အား နှလုံးသားဖြင့် ပြုပြင်အလှဆင်သကဲ့သို့ မြန်မာပြည်ကြီး လှပစေရန် စာပေဖြင့်ပြုပြင်ကြပါစို့" ဟု ပြောကြားပါသည်။ အဆိုပါ ရည်ရွယ်ချက်ဖြင့် စာကြည့်တိုက် ကုသိုလ်ရှင်နှင့်တွဲဖက်လျက် ကိုဖိုးသံ၏ ရသဘဏ်စာကြည့်တိုက်ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဆရာတော် အနှစ်နှစ်အလလမှ စုဆောင်းထားသည့် အိပ်ပျော်နေသော စာအုပ်များကို နိုးထစေလိုသောဆန္ဒ၊ အထူးသဖြင့် ဆရာတော်၏ ဓမ္မကထိကသင်တန်းများ၊ ပရဟိတပညာပေး သင်တန်းများကို ဤဒေသတွင် ဖွင့်လှစ်မည် ဖြစ်ပါသောကြောင့် မှီငြမ်းပြုစာအုပ်များအဖြစ် အသက်ဝင်ရှင်သန်စေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့အခါတွင် မိုးကြားလေကြား၌ ကြွရောက်ခဲ့ကြသော စာပေချစ်ပရိသတ်များ၊ ဝေယျာဝစ္စကုသိုလ်ရှင်များကို အထူးကျေးဇူးတင်ကြောင်း" ပြောကြားသွားပါသည်။

ဆက်လက်၍ စာကြည့်တိုက်အလှူရှင် ရွှေစင်အကယ်ဒမီ ကိုဖိုးသံက "ကြွရောက်လာကြသော စာပေချစ်ပရိသတ်ကြီးအား ကျေးဇူးတင်ကြောင်း၊ ဆရာတော်၏ ဘဝဆည်းဆာဓမ္မရိပ်သာတွင် တစ်ထောင့်တစ်နေရာမှပါဝင်၍ လှူဒါန်းရခြင်းအတွက် ဝမ်းမြောက်ကြောင်း၊ ဆရာတော်၏ ဘဝဆည်းဆာဓမ္မရိပ်သာ အမြန်ဆုံး အကောင်အထည်ဖော်နိုင်၍ တိုးတက်အောင်မြင်စည်ပင်စေလိုကြောင်း" ဆုတောင်းစကား ပြောကြားသွားပါသည်။

အရှင်ဇောတ(ချပ်သင်း)ကလည်း၊ "ပုလဲ ဆရာတော်၏ ရည်ရွယ်ချက်ဖြစ်သော စိတ်ကျန်းမာရေး၊ ရုပ်ကျန်းမာရေး စင်တာဖြစ်သည့် အားလျော်စွာ၊ ရုပ်နှင့်စိတ်ကျန်းမာမှသာလျှင် စိတ်နှင့်ရုပ်တို့ ဖွံ့ဖြိုးကြမည်ဖြစ်ကြောင်း၊ ဤသို့ဖွံ့ဖြိုးစေရန် စာကြည့်တိုက်သည် မရှိမဖြစ် လိုအပ်ကြောင်း၊ စာပေကို တန်ဖိုးထား ဖတ်ရှုလေ့လာလိုက်နာကျင့်သုံးကြသော နိုင်ငံများသည် ကမ္ဘာပေါ်တွင် တိုးတက်စည်ပင်အောင်မြင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသဖြင့်၊ စိတ်နှင့်ရုပ်ကျန်းမာစေရန်အတွက် အထောက်အပံ့ဖြစ်သော စာကြည့်တိုက်လှူဒါန်းခြင်း ကိစ္စအတွက် အထူးဝမ်းသာဝမ်းမြောက်ကြောင်းနှင့် ပုလဲဆရာတော်အား တစ်နိုင်ငံလုံးကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း"မိန့်ကြားသွားပါသည်။

မန္တလေးမြို့ နန်းရှေ့စာပေတင်းကုပ်မှ ဆရာမြင့်သိန်း(ပညာရေး)ကလည်း ဆရာတော်၏ ဘဝဆည်းဆာဓမ္မရိပ်သာရှိ ရသဘဏ် စာကြည့်တိုက်ဖွင့်ပွဲသို့ ရောက်ရှိခဲ့ကြသည့် မိမိတို့အား ဝမ်းသာပျူငှာစွာ ကြိုဆိုဧည့်ခံကြသည့် မြို့ခံ၊ ရွာခံ စာပေချစ်သူများ၊ လူကြီးမင်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ စာကြည့်တိုက်ကို လှူဒါန်းသည့် နောင်တော်ကြီး ရွှေစင်အကယ်ဒမီ ကိုဖိုးသံကို အထူးကျေးဇူးတင်ကြောင်း၊ "စာပေရတု၊ ဝတ္ထုကဗျာ၊ ပို့လင်္ကာနှင့်သာသည့်သီချင်း၊ အဲစောင်းငြင်းကို မကင်းမပြတ် ဖတ်ရှုလေ့ကျက်တီးမှုတ်လျက်သာ နေကောင်းစွာ၏"ဟူသောစကားနှင့်အညီ ခန္ဓာကိုယ်အတွက် အစာအဟာရလိုအပ်သကဲ့သို့၊ စိတ်အတွက် လိုအပ်သောအစာအာဟာရကို ဖန်တီးဖြည့်စွက်နိုင်ရန် စာကြည့်တိုက်လှူဒါန်းပေးသော နောင်တော်ကြီးနှင့် ကြွရောက်လာကြသော စာပေညီအကို မောင်နှမများအားလုံး၊ ဆရာတော်၊ သံဃာတော်များအားလုံး၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြစေပြီးလျှင် ယနေ့သည် လောကအတွက် အလင်းတံခါးတစ်ချပ် ဖွင့်လှစ်လိုက်သောနေ့အဖြစ် ဂုဏ်ယူဝမ်းသာမိပါကြောင်း" ပြောကြားသွားပါသည်။

တစ်ဖန် ကဗျာဆရာပြည့်ဖြိုးသီက "ဤစာကြည့်တိုက်မဖွင့်လှစ်မီ ရက်အနည်းငယ်က မောင်ရဲနွေ(ပလိပ်)၊ ဟိန်းသန့်၊ ကြည်ပြာ(အမရပူရ)တို့နှင့်အတူ လာရောက်၍ စာအုပ်များ နေရာချထားခြင်း၊ အမျိုးအစားခွဲခြင်းစသည့် စာကြည့်တိုက်အတွက် လိုအပ်မှုများကို လာရောက်ဆောင်ရွက်ခဲ့ကြောင်း၊ စာကြည့်တိုက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်ကို လွန်စွာဝမ်းမြောက်ပါသဖြင့် သူရေးသားထုတ်ဝေခဲ့သော "ပုံသန်းခြင်းမိုင်တိုင်များ" ကဗျာပေါင်းချုပ်စာအုပ်မှ လက်ရဲ့တန်ဖိုး အမည်ရကဗျာဖြစ်သည့် လက်တော့လက်ပါပဲ။ ဒါပေမယ့် ဒီလက်ကဖြူစင်တဲ့လက်၊ လှပတဲ့လက်၊ ယူတဲ့လက်မဟုတ် ပေးလှူတဲ့လက် ကူညီတဲ့လက် ဖေးမတဲ့လက်၊ မေတ္တာမျှဝေတဲ့လက်၊ စာနာတဲ့လက်၊ ကရုဏာထားတဲ့လက်၊ ဒီလက်ပိုင်ရှင်များ၊ ဖလောရင့်နိုက်တင်ဂေးကအစ မာသာထရီဇာအဆုံး၊ ကမ္ဘာ့လူသားအားလုံးကို၊ အကြင်နာ အပြုံးတွေနဲ့ ကိုယ်ကျိုးမဖက် အများအကျိုးအတွက်၊ တစ်သက်လုံးပေးဆပ်ခဲ့ကြ လက်ဖြစ်ခွင့်ရသူများရဲ့ ပရဟိတစိတ်ဓာတ်များ လေးစားအားကျမိ ဂုဏ်ယူမိ၊ ဝမ်းမြောက်မိ၊ ဂါရဝပြုပါ၏ သာဓုသုံးကြိမ်ခေါ်ပါ၏"ဟူသော ကဗျာကိုရွတ်ဆို၍ ပုလဲဆရာတော်အား ဂုဏ်ပြုခဲ့ပါသည်။

ထို့နောက် ဆရာပြည့်ဖြိုးသီ၊ ဆရာစောနန်းမြေအောင်၊ ဆရာမောင်ဆွေသစ်(မန္တလေး)၊ ဆရာမိုးထက်ကို(အမရပူရ)၊ ပုသိမ်ကြီးမြို့မှ စာကြည့်တိုက်မှ ကိုဖိုးလှိုင်လေးတို့က စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းသွားပါသည်။ ဆက်လက်၍ စာကြည့်တိုက်အလှူရှင်မှ တည်ခင်းဧည့်ခံကျွေးမွေးသော ဘူဖေးထမင်းကို အတူတကွ စားသုံးခဲ့ကြပါသည်။ ထမင်းစားသုံးပြီးသည့်နောက် ဆရာစောနန်းမြေအောင်၊ဆရာစိန်မောင်ဌေး၊ ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)၊ ဆရာမ နွေးထွေးပုသိမ်ကြီး၊ ဆရာမဆူးခက်နွယ်၊ ဆရာမစိမ်းလဲ့ဝါ၊ ဒေါ်ပေါ်ကြွယ်(ပြင်ဦးလွင်)တို့က သီးသန့်ဝတ္ထုငွေများ လှူဒါန်းကြ၍ ကျန်ဆရာ၊ ဆရာမများက ဆရာတော်၏ ဘဝဆည်းဆာဓမ္မရိပ်သာအတွက် လိုအပ်ရာအသုံးပြုနိုင်ရန်အတွက် ဝတ္ထုငွေကို စုပေါင်းလှူဒါန်းကြပါသည်။ ထို့နောက် ဆရာအောင်တင်ဝင်း (ငါ့သရောက်) ဦးဆောင်လျက် သင်္ကန်းကပ်လှူပြီးလျှင် လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်မှ ရေစက်ချအမျှပေးဝေပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။

အပြန်ခရီးတွင် နေ့တစ်နေ့တာ၏ နေဝင်ချိန်ဖြစ်သော နေဝင်ဆည်းဆာကိုကြည့်လျက် ဆရာတော်မိန့်ကြားဖူးသော နေ့တစ်နေ့၏ အရုဏ်ဆည်းဆာနှင့်ညနေဆည်းဆာတို့၏ကြား သက်မဲ့သဘာဝနှင့်၊ မွေးဖွားခြင်းနှင့်သေဆုံးခြင်းကြား သက်ရှိသဘာဝတို့၏ သဘာဝဖြစ်စဉ်ကို ပြေးမြင်မိလေသည်။

ယခု နေညိုဆည်းဆာဘက်သို့ လွန်မြောက်ခဲ့ပြီဖြစ်သော ကျွန်ုပ်တို့အတွက် ဆရာတော်တည်ထောင်ထားသော ဘဝဆည်းဆာဓမ္မရိပ်သာ စိတ်ကျန်းမာရေး၊ ရုပ်ကျန်းမာရေး လေ့ကျင့်သင်ကြားရေးစင်တာက ကြိုဆိုလျက်ရှိကြောင်း တွေးမိပါသဖြင့် ကြည်နူးဝမ်းမြောက်မိပါတော့သည်။

စောချိုသာ




## နက်စတာအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် မွန်ဇာအသင်းဆွေးနွေး



**တူရင် ဇွန် ၉**

မွန်ဇာအသင်းသည် အသင်းနည်းပြသစ်အဖြစ် နက်စတာအား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြသည် ဖရိုဆီနိုနီ၊ မိုင်ယာမီ၊ Perugia၊ ရက်ဂျီးနား စသည့် ကလပ်အသင်းများစွာ ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည်။

နည်းပြ နက်စတာသည် မွန်ဇာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မွန်ဇာအသင်း အနေဖြင့် အသင်းနည်းပြသစ်အဖြစ် နက်စတာအား ခန့်အပ်နိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## အာဆင်နယ်အသင်းမှ ပေးအပ်သည့် အကောင်းဆုံး ဘောလုံးကစားသမားဆုကို အော်ဒီဂတ်ဆွတ်ခူး

**လန်ဒန် ဇွန် ၉**

အာဆင်နယ်အသင်းမှ ပေးအပ်ချီးမြှင့်သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် အကောင်းဆုံးဘောလုံးကစားသမားဆုကို ကွင်းလယ်ကစားသမား အော်ဒီဂတ်က ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အကောင်းဆုံး ဘောလုံးကစားသမားဆုကို နှစ်နှစ်ဆက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

ကွင်းလယ်ကစားသမား အော်ဒီဂတ်သည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အော်ဒီဂတ်က "ကျွန်တော် အခုလို အသင်းမှ ပေးအပ်သည့် အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို တစ်ဦးချင်း ဆုတံဆိပ်တွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ယာပုံ) (NGB)**






## ဘယ်လ်ဂျီယံအသင်းက လူဇင်ဘတ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၉**

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက ဘယ်လ်ဂျီယံအသင်းနှင့် လူဇင်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံအသင်းက လူဇင်ဘတ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄၃မိနစ်နှင့် ၅၇မိနစ်တွင် လူကာကူ၊ ပွဲချိန် ၈၀မိနစ်တွင် ထရိုဆက်ဒ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘယ်လ်ဂျီယံအသင်းသည် ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့်ဇွန် ၁၇ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်အချိန်တွင် ဆလိုဗက်ကီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## မင်တက်ရှ်အား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်




**လီဗာပူး ဇွန် ၉**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်း လူငယ်တောင်ပံကစားသမား မင်တက်ရှ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်းမှ ဖီယင်နုအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း မင်တက်ရှ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် မင်တက်ရှ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* လက်စတာစီးတီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် ပီအက်စ်ဗွီအသင်းနည်းပြ နစ္စတယ်လ်ရွိုင်းအား ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ရိုးမားအသင်းသည် ဂျူဗင်တပ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား ဖီဒရီကို ချီယေဆာအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက စပိန်အသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက မြောက်အိုင်ယာလန်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

## ဂျိုနသန်ဒေးဗစ် လိုင်လီအသင်းမှ ထွက်ခွာမည်




**ပါရီ ဇွန် ၉**

တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် လိုင်လီအသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများနှင့် ဘွန်ဒက်လီဂါကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်သည် လိုင်လီအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၃ ပွဲကစားပြီး ၈၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်အနေဖြင့် လိုင်လီအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## အော်တေဂါ မန်ချက်စတာစီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇွန် ၉**

မန်ချက်စတာစီးတီးအသင်းသည် အသင်းဂိုးသမား အော်တေဂါအား ၂၀၂၆ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ ဂိုးသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး လက်စွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ အော်တေဂါက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မန်ချက်စတာစီးတီးအသင်းလို ကမ္ဘာ့ကြီးကျယ်ခမ်းနားဆုံးအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီတိုင်းမှာလည်း အောင်မြင်မှုများစွာ ရယူသွားချင်ပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(အပေါ်ပုံ)**

**(NGB)**

## 2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Iga Swiatek ဆွတ်ခူး

**ပဲရစ် ဇွန် ၉**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပိုလန်တင်းနစ်မယ် Iga Swiatek က ဆွတ်ခူးခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini အား ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ် အရွယ်ရှိ Iga Swiatek က "ကျွန်မ အခုလို 2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။**(အပေါ်ဝဲပုံ)**

**(NGB)**

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၆-၂၀၂၄ တနင်္လာနေ့ | ည ၁၀း၃၀ နာရီ | ချက် - မြောက်မက်ဆီဒိုးနီးယား |
| ၁၁-၆-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၁း၁၅နာရီ | နယ်သာလန် - အိုက်စလန် |
| ။ | ။ | ပိုလန် - တူကီယဲ |



## ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး မြေစိုက်ပိုစတာစိုက်ထူ

**မြစ်သား ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ၏ လမ်းညွှန်မှုဖြင့် အများပြည်သူ များ အသွားအလာများပြီး လူစည် ကားရာ နေရာဖြစ်သည့် မြစ်သား မြို့နယ် ဘူတာရပ်ကွက် မြင်းခြံ-ရေဝန်းကားလမ်း မြို့အဝင် ဆိုင်ဘုတ် သံလမ်းဆုံအနီးနေရာ၌ ယနေ့ နံနက် ၉ နာရီမှ စတင်၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ‘ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့’ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူဆောင်ရွက်မည့် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းဖြစ်သည့် မြေစိုက်ပိုစတာအား စိုက်ထူဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး မြတ်သီဟမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဌေးဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ဆက်လက်၍ သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ‘ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့’ ပိုစတာများကို တာဝန်ရှိသူများ ထံသို့ အသီးသီးပေးအပ်ခဲ့ကြရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက သန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် အသိ ပညာပေး လက်ကမ်းစာစောင် များကို(အခမဲ့) ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကောက် ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ဝန်ထမ်းများ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့်ပြည်သူ များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံရူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသ ကြီးကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ဇွန် ၇ ရက် နံနက် ၁၀ နာရီခွဲက အသင်း ဗဟို အလုပ်အမှုဆောင်၊ အလုပ် အမှုဆောင်များ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးကျင်းပ ရာ အသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှု ဆောင်များ၊ အလုပ်အမှုဆောင် များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေး တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ က Mandalay Green Energy Expo 2024 ကျင်းပရေး ဆိုင်ရာများကို တင်ပြရာတက် ရောက်လာသူများက အကြံပြု ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီးကုန် သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းမှ ကြီးမှူး၍ Mandalay Green Energy Expo 2024 ပြပွဲကို ချမ်းမြသာ စည်မြို့နယ်၊ ၁၀၁လမ်း(သိပ္ပံလမ်း) ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ ခန်းမတွင် ဇူလိုင် ၆ရက်နှင့် ၇ရက်များတွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ EV မော် တော်ယာဉ်များ၊ မော်တော်ဆိုင် ကယ်များ၊ နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ်ပစ္စည်းများ၊ ဆိုလာ များကို ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများက ဈေးကွက်မိတ် ဆက်ပြသရောင်းချသွားမည်ဖြစ် ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)

*-*-*-*-*



## ပြည်ပသို့ ယခုဘဏ္ဍာနှစ် မေလအထိ ပြောင်းတန်ချိန် ၄၀၀,၀၀၀ ကျော်တင်ပို့ခဲ့

ပြည်တွင်းမှ စိုက်ပျိုးထွက် ရှိသော ပြောင်းများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ပြီးခဲ့သည့် ယခု ဘဏ္ဍာနှစ် မေလအထိ ပြောင်း တန်ချိန် ၄၀၀၀၀၀ ကျော်တင် ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန အချက်အလက်များအရ သိရ သည်။

ယခုနှစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလဖြစ်သည့် ဧပြီ၊ မေနှင့် ဇွန်လအတွင်း ပြောင်း တန်ချိန် ၃၈၀,၀၀၀ တင်ပို့ရန် လျာထားခဲ့ရာ ၄၀၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်ဟု ဆိုသည်။

‘ပြောင်းတင်ပို့မှုမှာ ဒီနှစ် ဘဏ္ဍာနှစ်ရဲ့အစ ၃ လအတွင်းမှာ လျာထားချက်ထက် ကျော်လွန် တင်ပို့နိုင်ခဲ့တယ်။ စုစုပေါင်း တင်ပို့ နိုင်မှုက ၄၇၀,၀၀၀ ကျော်တင်ပို့ နိုင်ခဲ့တာပါ။ မြန်မာ့ပြောင်းကို တိရစ္ဆာန်အစားအစာအတွက် လည်း သုံးကြသလို အခြားလိုအပ် တဲ့နေရာတွေမှာ သုံးကြတယ်’ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ကုန်လျာထားချက်ပြည့်ဝ စေရေးအတွက် နိုင်ငံတော်အနေ ဖြင့် ဖြေလျှော့မှုများ ဆောင်ရွက် ပေးထားပြီး လအလိုက် တင်ပို့ နိုင်ရေးကို လျာထားဆောင်ရွက် လျက်ရှိပြီး ပြောင်းကို ထိုင်းနိုင်ငံ သို့ နယ်စပ်ကုန်သွယ်ရေးစခန်း များမှတစ်ဆင့် တင်ပို့မှုနှင့် ပင် လယ်ရေကြောင်းဖြင့် အခြားနိုင်ငံ များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

‘ဖေဖော်ဝါရီက စပြီး ဩဂုတ်လကုန်ထိ ထိုင်းနိုင်ငံကို ပြောင်းတင်ပို့ရာမှာ အကောက် အခွန်ကင်းလွတ်ခွင့် ရရှိထားပါ တယ်။ ခုလို အခွန်ကင်းလွတ်ခွင့် ရရှိတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင် တွေမှာ အဆင်ပြေတာပေါ့။ ဒါကြောင့် အချိန်မီတင်ပို့နိုင်ရေး အတွက် လုပ်နေကြပါတယ်’ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင် များ အသင်းဝင်တစ်ဦးက ပြော သည်။

ယခု ဇွန် ၅ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တို့တွင် ပြောင်းတင်ပို့မည့် သင်္ဘော ၁၄ စင်း ဆိုက်ကပ် ရောက်ရှိနေ ပြီး ပြောင်းတန်ချိန် စုစုပေါင်း ၂၂၁,၀၀၀ ကျော်တင် ပို့နိုင်ရေး လုပ်ဆောင်နေကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**မန္တလေး ဇွန် ၉**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့ နယ်ဦးစီးမှူး ဦးဝေလင်း ဦးဆောင် သည့် ဝန်ထမ်းများသည် ဇွန် ၈ ရက် နံနက် ၁၀ နာရီက ကန် ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်း ဘုရားမဏ္ဍာပ်ရုံတွင် ရပ်ကွက်နေ ပြည်သူများအား ပန်းခင်းစီမံချက် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြားများ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက် ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဝေ လင်းက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင် ဆောင်သူများ၏ ရပိုင်ခွင့်များနှင့် လိုက်နာရမည့် စည်းကမ်းချက် များ၊ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားမှု၊ မွေးဖွားသေဆုံး မှု၊ ပြောင်းဝင်၊ ပြောင်းထွက် လုပ်ငန်းတို့၏ အရေးပါပုံများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုပြင်ခြင်းနှင့် ပျောက်ဆုံးပျက်စီး မှုများရှိပါက လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သို့ ဆက်သွယ်ပြုလုပ်နိုင်ကြောင်း၊ နိုင်ငံသားကတ်ပြား၏ တန်ဖိုးနား လည်စေရန်နှင့် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ဆောင်ရွက်ပေးလျက်ရှိ သည့် Biometric UID ကိုယ် ရေးအချက်အလက်ကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ အသိပညာ ပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး နှင့် ဝန်ထမ်းများသည် ရပ်ကွက်နေ ပြည်သူ ၁၃၈ ဦးအား ပန်းခင်း စီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက် ပေးအပ်ခဲ့ သည်။ ကွင်းဆင်းဆောင်ရွက်ရာ တွင် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သည့်အပြင် Biometric UID ကိုယ်ရေးအချက် အလက်ကောက်ခံခြင်းလုပ်ငန်း များကိုပါ တစ်ပါတည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ခဲပုံ)

(၀၇၂)



# (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ ကျင်းပစစ်ဆေး

**မန္တလေး ဇွန် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ (ဝိဒူတန်း)ကို ဇွန် ၇ ရက် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၄ နာရီအထိ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ စာဖြေဌာနများတွင် တစ်ပြိုင်နက် ကျင်းပစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ကြီးကြပ်စစ်ဆေးခဲ့ပြီး သတ်မှတ်အုပ်စုအလိုက် ပြဋ္ဌာန်းကျမ်းစဉ်များကို ဖြေဆိုတော်မူကြရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မြို့နယ် ၁၅ ခု၊ စာရင်းသွင်း ၂၈၄၉ ပါး၊ ဖြေဆို ၁၈၇၃ ပါး၊ ပျက်ကွက် ၉၇၆ ပါး၊ ဖြေဆိုရာခိုင်နှုန်း ၆၆ ဖြစ်ပြီး ယမန်နှစ်က ၁၄၈၆ ပါးသာ ဖြေဆိုခဲ့သဖြင့် ယခုနှစ်တွင် စာဖြေပုဂ္ဂိုလ် ပိုမိုတိုးတက်လာကြောင်း သိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သာသနာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး ဇွန် ၁၁ ရက်အထိ ကျင်းပ စစ်ဆေးသွားမည်ဖြစ်သည်။

နိကာယ် ငါးရပ် ပါဠိတော် စာမေးပွဲတွင် အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက)ကျမ်းစဉ်၊ အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)ကျမ်းစဉ်၊ အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)ကျမ်းစဉ်၊ အုပ်စု(၄)သံယုတ္တနိကာယ(သုတ္တန္တပိဋက)ကျမ်းစဉ်၊ အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက)ကျမ်းစဉ်၊အုပ်စု(၆)ခုဒ္ဒကနိကာယ(သုတ္တန္တပိဋက)ကျမ်းစဉ်၊ အုပ်စု(၇)ခုဒ္ဒကနိကာယ(သုတ္တန္တပိဋက)ကျမ်းစဉ်၊အုပ်စု(၈)ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း)ကျမ်းစဉ်၊ အုပ်စု(၉)ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း)ကျမ်းစဉ်များ ဖြေဆိုရပြီး ပြဋ္ဌာန်းကျမ်းစာများအားလုံး အောင်မြင်ပါက ကျမ်းစဉ်အလိုက် ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊မဇ္ဈိမနိကာယဝိဒူ၊သံယုတ္တနိကာယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ခုဒ္ဒကနိကာယဝိဒူ ၁၊ ခုဒ္ဒကနိကာယဝိဒူ ၂၊ အဘိဓမ္မဝိဒူ ၁၊ အဘိဓမ္မဝိဒူ ၂ စသည့် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ပူဇော် ၍ အထူးအောင် ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တွင် ဝိသိဋ္ဌဘွဲ့ထူးထည့်၍ ဆက်ကပ်ပူဇော်ကာ အုပ်စုတစ်ခုပါ ကျမ်းစာတစ်ကျမ်း၊ နှစ်ကျမ်းစသည် အချို့အဝက်သာ အောင်မြင်ပါက အောင်မြင်သည့် ကျမ်းစာ၊ကျမ်းစုအတွက် ကျမ်းစွဲအောင်အဖြစ် သတ်မှတ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၇၂)**

# အားကစားအထူးပြုဘာသာရပ် B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုတွေ့ဆုံ

**မန္တလေး ဇွန် ၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရတနာပုံ တက္ကသိုလ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့တွင် တက္ကသိုလ်ဘာသာရပ်များနှင့် အားကစားနည်းများ လေ့ကျင့်သင်ယူနေသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport) ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုတွေ့ဆုံခြင်း အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့် အားကစားပညာအထူးပြုဘာသာရပ် B.Sc (Sport) ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဒုတိယကျောင်းအုပ်ကြီးက ကျောင်းစည်းကမ်းများကိုလည်းကောင်း၊ ဌာနမှူးနှင့် နည်းပြအရာရှိများက လေ့ကျင့်သင်ကြားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၀၄၅)**



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။



# စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ခင်တဲအုပ်စု၊ ခင်သာကျေးရွာ၌ JICA မှ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့ နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ခင်သာကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ PVC အနက်ပေ ၃၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်၊ခင်တဲကျေးရွာအုပ်စု၊ခင်သာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၈၃ သန်းဖြင့် အကျယ် ၄ ဒသမ ၅ လက်မ PVC အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၃၅၀သွယ်တန်းခြင်း၊အိမ်သုံးမီတာတပ်ဆင်ခြင်း၊ဂါလန် ၂၀၀၀ဆံ့အုတ်ရေကန်၊ ရေစက်ရုံနှင့် ရေတင်ပိုက်လိုင်း ၂ လက်မ PVC ၂၄၀၀ ပေ သွယ်တန်းခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၆၉)**

# သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး လုပ်သားအင်အား စက်ယန္တရားတို့ဖြင့် ဆောင်ရွက်

**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေလျှံမြောင်းအတွင်းမှ ဒိုက်စာနှင့် ဖော့ဘူးခွံများကို လုပ်သားများကဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း ၂၉လမ်းနှင့်လမ်း၃၀ကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅လမ်းနှင့် ၃၆လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်းစီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားကြောင်း သိရသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ဦးနှင့် ဘက်ဟိုးစက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဇုန်(၂) ၂၆လမ်းနှင့် ၂၉လမ်းကြား လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊သဲ၊အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



## ဝတ္ထုတိုကဏ္ဍ

# မဆိုချင်တဲ့တေး မရေးချင်တဲ့စာ



လှျမ်း(မြန်မာတက္ကသိုလ်)

'မဆိုချင်ပေမင့် ....'

တစ်ဘဝစီခြားခဲ့ပြီကွဲ့ သားကို အမေခွဲထားခဲ့ပြီ သားကို အမေခွဲသွားခဲ့ပြီ ×××××မဟာပထဝီ မြေထုထက်မက သမုဒ္ဒရာနဲ့လည်းမနှိုင်းအပ် ဘုရားနဲ့တစ်ဂိုဏ်းထဲမြတ်တဲ့ ကျေးဇူးရှင်မွေးမေမေ သားသားချစ်တဲ့ မွေးမေမေ ×××××ရွှေရင်ဆို့ကာ လွမ်းလောက်ပါရဲ့ အသိနောက်ကျတဲ့သားက တာဝန်မကျေ ×××××

စာရှူး ကဗျာရူး ဂီတရူး ကျွန်တော်ဟာ သီချင်းတော်တော်များများကို စွဲမက်၊ အလွတ်ရ၊ အလွတ်ဆိုနိုင်ခဲ့တယ်။ ဒါပေမယ့် ဂန္ထဝင်အဆိုတော်ကြီး ဟသ်ာတထွန်းရင်ရဲ့ ရောင်းမလောက် 'ပေါက်စီးရီး' အမေနဲ့ အမေ့အကြောင်းစီးရီးထဲက အဲဒီသီချင်းကိုတော့ ကျွန်တော် ခါးသီးခဲ့၊ မဆိုချင်မဆိုတူးခဲ့ပါ။ ဒီလောက် ရှုံကြောက်မုန်းနဲ့ မဆိုချင်တဲ့သီချင်းကို ကျွန်တော်ဟာ ၂၈-၄-၂၀၂၄ တနင်္ဂနွေနေ့ မနက်မှာတော့ ကြေကွဲအံကြိတ် အသံတိတ်နဲ့၊ နှလုံးဆူပွက် သည်းခြေပျက် ရင်ကွဲအက်နဲ့၊ လူသူမသိအောင် ခိုးဆိုနေခဲ့ရပြီ။

၂၇-၄-၂၀၂၄ စနေနေ့ မနက်လင်းတာနဲ့ မန္တလေးကို ဒုန်းဒိုင်းကဆုန်ဆိုင်းရောက်ချလာခဲ့ပြီး မြို့ကြီးပတ်လည်လှည့် မွှေနှောက်ကန်ကြောက်ခဲ့တဲ့ 'Heat Stoke' နတ်ဆိုးမြင်းရိုင်းကြီးရဲ့ ဖြောင်းဆံဖြောင်းည် ခွာသံပြင်းတွေအောက်မှာ ...။

'မနေချင်တော့ဘူး .....

မန်းလေးမှာ မနေချင်တော့ပါဘူး ....

မှိုင်းလုံးဘုန်းကြီးကျောင်းဆီသာ ပို့ပေးကြပါတော့ ...' နဲ့ ခဏခဏ ဖွဖွငြီးတွားရင်း၊ အငမ်းမရ ရေခဏခဏတောင်းတောင်းသောက်ရင်း ....၊ အမေဟာ နတ်ဆိုးမြင်းရိုင်းကြီးရဲ့ ခွာရှပ်ထိခံခဲ့ရတယ်။ အပူရှပ်ခဲ့တယ်။ မီးကျီးခဲတမျှ ကိုယ်ပူချိန်နဲ့ အပူဝမ်းတွေ ထ,သတ်တယ်။ အောက်ဆီဂျင်ထိုးကျသွား မူးဝေ ပျော့ခွေသွားခဲ့တယ်။ အမေ့အိမ်မှာ အမေနဲ့အတူနေနေကြတဲ့ အမေ့သားသမီး ကျွန်တော့်ညီ၊ ညီမတွေနဲ့ အိငယ်တို့က ဒရစ်ပ်ရေပတ်တိုက်ပေး၊ ကိုယ်လက်သန့်စင်ပေး၊ သနပ်ခါးတွေလူးပေး၊ ဓာတ်ဆားရည်တွေတိုက်၊ အာဟာရတွေခွံ့ကျွေး၊ ဆေးဝါးတွေပေးကြ ...၊ ဝိုင်းပြုစုကြနဲ့ ပျာယာခတ်သွားခဲ့ကြတယ်။

ညနေ၊ နေချိုတော့မှ အမေဟာ သက်သာလာတယ်။ ၈၇ နှစ်ရွယ် ဇရာမယ် အမေဟာ စနေသမီးပီပီ သူ့ဝေဒနာအတွက် တစ်စက်မှ လန့်ကြောက်မရှိခဲ့။ မြရည်နန္ဒာမြို့သစ်ကနေ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့တိုင်း သူ့ထံအမြဲလာနေကျ မြေးအငယ်မ အိငယ်ကိုသာ ပူပန်နေရှာခဲ့တယ်။

'အမေ နေကောင်းပါပြီ သားတို့ သမီးတို့ မြေးတို့ရယ်။ အိငယ် ပြန်တော့လေကွယ်။ အဘွားတကယ်နေကောင်းသွားပြီကွဲ့။ ခဏနေ မိုးကြီးကချုပ်တော့မယ်။ ပြန်ရမှာက ဝေးသနဲ့။ သွားသွားပြန်တော့နော် မြေးလေး။ အဘွားနေလို့ တကယ်ကောင်းပါပြီကွဲ့ ....' နဲ့ တွင်တွင်နှင်ခဲ့တယ်။

အိငယ် ပြန်သွားတော့မှ ....။ အမေဟာ သားသမီးတွေကို အော်ငေါက် အော်ဒါပေးတယ်။

'လူပု ....ကုလားဆီဖုန်းဆက်။ မိတော ... လောရှည်ဆီဖုန်းခေါ်။ ငါ နက်ဖြန်ကျရင် မေမြို့ ဘုန်းကြီးကျောင်းမှာသွားနေတော့မှာလို့။ မနက်လင်းတာနဲ့ အမေ့အိမ်ပေါက်ကို ကားကိုယ်စီနဲ့ အသင့်ရောက်အောင်လာခဲ့ကြစမ်းလို့။ မိချော ... အမေ့အိပ်ရာသေချာခင်းစမ်း အမေအိပ်ချင်လှပြီ' တဲ့ ....။

ဟုတ်ကဲ့ ...။ အမေဟာ သူ့ရင်သွေးရတနာ ခုနစ်ပါးလို့ ခဏခဏကြုံးဝါးကြွားဝါဂုဏ်၊ သူပြလေ့ရှိတဲ့ ကျွန်တော်တို့ မောင်နှမ ခုနစ်ယောက်လုံးကို ပုံစံ(၁၀) ...မှတ်ပုံတင် ...အမည်ပေါက်တွေထက် ချစ်စနိုးအမည် ...အိမ်နာမည်တွေကိုသာ မိသားစုသုံးအမည်အမှတ်နဲ့ တွင်တွင်ခေါ်ဝေါ်ခဲ့ပါတယ်။ ကိုကျော်ကျော် ....ကို 'ငကျော် ...' 'ကျော်ကြီး ...' လို့ ခေါ်တယ် ...။ ကိုမောင်မောင် ...ကို 'ကုလား ...' 'မော်ကြီး ...'။ ကိုလှဝင်း ...ကို 'လံဘား ...' 'လောရှည် ....'။ ကျွန်တော့်ကို ...'ငါးဖြူစလွင် ....' 'မော်စီတုန်း ....'။ နေလင်း ...ကို 'လူပု ...'။ အမာကြည် ....ကို 'မိတော ...'။ ကြည်ကြည်စိန် ...ကို 'မိချော ...' လို့သာ တွင်တွင်ခေါ်ခဲ့ပါတယ်။

ဒါကြောင့် ....။ လူပု(ခ)နေလင်းက ...။ နဂါးမျက်စောင်းထက် ထက်မြက်စူးရှတဲ့ အမေ့ရဲ့ မျက်စောင်းက အကြောင်းသုံးပါးမရွေး တတ်မှန်းသိထားရသူပီပီ ...ပျာပျာသလဲနဲ့ ...။

'ဟုတ် ...ဟုတ်ကဲ့ပါအမေ၊ ခဏနေကျ သားကိုမောင့်ဆီ ဖုန်းဆက်ပါ့မယ်။ လောလောဆယ် မားသား ပိုအားရှိသွားအောင် ဓာတ်ဆားရည်လေး နည်းနည်း ထပ်သောက်လိုက်ဦးနော်၊ ဒါမှ မားသား ကောင်းကောင်းအိပ်ပျော်မှာ။ ဒါမှ မနက်ကျ မေမြို့ကို မားသားအားရှိပါးရှိ ဒကျိုဒကျိုနဲ့ အေးဆေးလေး တက်နိုင်မှာလေ ...နော်မားသား ...နော်အမေ ...' နဲ့ သော့သော့ချော့မော့ပြီး ဓာတ်ဆားရည်တိုက်ပေးတယ်။

မိတော ...အမာကြည်က ...။

'အမေ့တူတော် သားတော် ပဥ္စင်းတော် .... ဘုန်းတော်ကြီး ဦးသြဘာသက မင်းတုန်းမင်းလက်ထက်ကတည်းက သီပေါစော်ဘွားရဲ့ သမီးတော် လှူဒါန်းဆောက်လုပ်ထားခဲ့တဲ့ တိုင်တစ်ရာနဲ့ ကျောင်းတော်ကြီးမှာ ...၊ နှစ်တစ်ရာကျော် သက်တမ်းရင့် ညောင်မုတ်ဆိတ်ပင်ကြီးတွေနဲ့ ဇရာမပိန္နဲပင်ကြီးတွေနဲ့ တောရိပ်တောင်ရိပ်တွေနဲ့ အင်မတန်အေးချမ်းတဲ့ သူ့ကျောင်းမှာ လာနေပြီး တရားအလုပ်အားထုတ်ဖို့ ခဏခဏခေါ်ခေါ်နေခဲ့တာ ကြာကြာလှပေါ့နော် ... အမေက အခုမှ သွားနေချင်စိတ်ပေါက်လာတာ ဘုန်းကြီးဦးသြတော့ ဘယ်လိုဝမ်းမြောက်တော်မူရှာမလည်းမသိဘူးနော် အမေ ပဥ္စင်းခံပေးထားတဲ့ သူ့မယ်တော်အတွက် ဘုန်းကြီးဦးသြက တရားဓမ္မနဲ့ လမ်းပြပေးချင် ကျေးဇူးဆပ်ချင်နေတော်မူတာ ဆန္ဒတော်ပြည့်ခွင့်ရတော့မှာနော် အမေ။ အဲဒီမှာ တရားဓမ္မနဲ့ အေးအေးချမ်းချမ်းနဲ့ အမေ ပျော်သလောက်နေပါနော်။ ဒီက သမီးတွေက သူငယ်နှပ်စားရွယ်လေးတွေမှ မဟုတ်ကြတာ မြေးတွေ မြစ်တွေဆိုတာလည်း အားလုံးအရွယ်တွေရောက်ကြ၊ ဘွဲ့တွေရကြ၊ အလုပ်တွေကိုယ်စီရှိနေကြပြီပဲဥစ္စာ ဘာမှ ဘယ်သူ့မှ နောက်ဆံတင်းမနေရတဲ့ဟာပဲအမေ ...နော် ... အမေ...နော် ...' နဲ့ အားပေးတယ်။

မိချော ....ကြည်ကြည်စိန်က ...အမေ့အိပ်ရာကို သန့်ရှင်းညီညာပြန့်ဖြူးအောင် သေချာသပ်ရပ်ခင်းပြပေးတယ်။

အမေဟာ ... အိပ်ရာထဲဝင်လှဲရင်း ...။

'လူပုနဲ့မိတော ... ဖုန်းဆက်ကြဖို့ မမေ့ကြနဲ့ဦးနော် ...'

'မနေချင်တော့ဘူး ...မန်းလေးမှာ မနေချင်တော့ပါဘူး ...မှိုင်းလုံးဘုန်းကြီးကျောင်းဆီသာ ပို့ပေးကြပါတော့ ...'

'ကိုသောင်းစိန်ရေ ...ရှင်ဘယ်ဘဝ ဘယ်ဘုံဌာနမှာ အေးချမ်းနေပြီလည်းရှင် ...ဒီက ကျွန်မမိတင်ကတော့ လူ့ဘဝနဲ့ ပူအိုက်သည့် မန်းလေးမှာ ပူပူလောင်လောင်နဲ့ လောင်မြိုက်အိုက်စပ် အရှင်လတ်လတ် ငရဲကျခံနေနေရပါပြီတော့ ကိုသောင်းစိန်ရေ ...'

တောင်စဉ်ရေမရ တွတ်တွတ်ရေရွတ်ရင်း ညည့်နက်မှ နှစ်ခြိုက်အိပ်မောကျသွားခဲ့တယ်။ အဲဒီလို နှစ်ခြိုက်အိပ်မောကျသွားခဲ့တုန်းမှာပဲ အမေ့နာမ် ... ဝိညာဉ် ...လိပ်ပြာလေးက ဘယ်သူမှမသိရအောင် တိတ်တဆိတ်နဲ့ မေမြို့အထက်နားက မှိုင်းလုံးဘုန်းတော်ကြီးကျောင်း ဝိဟာရဆီကို ...။ ဒါမှမဟုတ် ...လွန်ခဲ့တဲ့ (၃၅)နှစ်ကတည်းက သူမကို ခွဲခွာချန်ထားရစ်ခဲ့တဲ့ သူမချစ်လင် ကျွန်တော်တို့အဖေ ရောက်နှင့်ရာဘုံဌာန ...တစ်ဘဝဆီကို ...ဝဲပျံလွင့် ခရီးပြင်းနှင်ထွက်သွားခဲ့ပါတယ်။

အမေဟာ 'Heat Stoke' အပူလှိုင်း နတ်ဆိုးမြင်းရိုင်းကြီးရဲ့ ခွာချက်အောက်မှာ သက်ပျောက်သေဆုံးသွားခဲ့ပါတယ်။ တမလွန် ဘဝသစ်ဆီ ခရီးသစ်ရှည်ဆီကို နှစ်ခြိုက်အိပ်မောကျနေရင်းနဲ့ ထ, ထွက်ပြေးလျှောက်လှမ်းသွားခဲ့ပါတော့တယ်။

ဒါ့ကြောင့် ...ဒါ့ကြောင့် ...။

ကျွန်တော် ....တစ်သက်မဆိုချင်၊ မဆိုရဲခဲ့တဲ့ ခါးသီးတေးကို ကြေကွဲအံကြိတ် အသံတိတ်နဲ့ ရင်ထဲ ခိုးဆို ငိုခဲ့မိပါတော့တယ်ပေါ့။

'မရေးချင်ပေမင့် ...'

'ဗာရာဏသီ မင်းနေပြည်မှာ ဆရာနိဘာအရာရှိ ဥက္ကဋ္ဌအရာရှိ မဟုတ်တော့ဘူးဟေ့ ...ပူအိုက်သည့် မန်းလေးမှာ ငါ့သားဆရာနေ ဘာအရာရှိ နေကုန်အိမ်မကပ်တဲ့ ဥက္ကဋ္ဌအရာရှိတဲ့ဟေ့ ...' လို့ အမေ ခဏခဏ ပုံတိုပတ်စလေးတွေနဲ့ နှိုင်းနှိုင်းပြောခံရတတ်တဲ့ ညီနေလင်းက သူ့ဖုန်းတစ် ချက်ထ, အဆက်မှာ သူထာဝရ ထာဝစဉ်ပါဝင် ကုသိုလ်ယူ ပရဟိတလုပ်ပေးနေကျ 'ဒေဝယာနိက လူမှုကူညီရေးအသင်း' က လူကြီးလူငယ်အသင်းသား၊ အသင်းသူတွေဟာ တစ်ခဏအတွင်းမှာပဲ ပစ္စည်းကိရိယာအစုံအလင်နဲ့ ကားသုံးစီးတိုက်နဲ့ ရောက်လာခဲ့ကြတယ်။

ညီနေလင်းနဲ့ နာယကလူကြီးတွေ စကားစမြည်ပြောပြုနေကြတုန်းမှာပဲ အသင်းသူတွေက အိမ်က ညီမတွေ၊ တူမတွေနဲ့အတူ အမေ့ရဲ့ 'Death Body' သက်မဲ့ခန္ဓာကိုယ် ရေမိုးချိုးသန့်စင်၊ ခေါင်းဖီးသင်၊ သနပ်ခါးလူး၊ အဝတ်အစားလဲပေးလိုက်ကြတယ်။ မီးစက်၊ မီးကြိုး ဘာညာ တပ်ဆင်သွယ်တန်းပြီးသွားကြတဲ့ အသင်းသားတွေက ...အမေ့ရဲ့ သက်မဲ့ခန္ဓာကို ညင်သာပွေ့မ, ယူကြပြီး အအေးမှန်ခေါင်းတလားကြီးထဲ လှဲသိပ်ထည့်ပေးထားလိုက်ကြတယ်။ မီးစက် စ,နှိုးကြတယ်။ ဘာတစ်စက်မှ ဘာတစ်ချက်မှ လှည့်ကြည့်စရာမလိုအောင်ထိ ဒေါင့်စိစေ့စပ်လွန်းကြတယ်။ အသင်းသူတွေကပဲ ...ကန်တော့ပွဲ ဘာညာပြေးဝယ် ....။ အသင်းသားတွေကပဲ ... 'Death Certificate' သေဆုံးလက်မှတ်ထောက်ခံစာပြေးယူ ...။ သင်္ဂြိုဟ်ခွင့်လက်မှတ်၊ သင်္ချိုင်းလက်မှတ်ပြေးလုပ် ...။ အုတ်ဂူသွင်းဖို့ ပန်းရံဆရာလှမ်းချိတ်ဆက် ...နဲ့ ထိထိရောက်ရောက် ကူညီလုပ်ကိုင်ပေးကြတယ်။

ခဏနေတော့ အသင်းအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့ ရောက်လာကြပြီး 'ကူငွေ' ပေးလှူကြတယ်။ ခဏနေပြန်တော့ အသင်းဥက္ကဋ္ဌ(၂)နဲ့ အသင်းသားအချို့က ရေသန့်ဘူးဖာတွေ၊ အာရှပင်မှည့်အချိုရည်ကတ်တွေ၊ ရေခဲဖော့ဘူးတွေ၊ ရေခဲတုံးကြီးတွေနဲ့ ကားနှစ်စီးတိုက်နဲ့ ရောက်လာကြပြန်တယ်။

ရွာနေပြည်ထိုင်၊ရပ်ကွက်ချက်မြုပ်၊ရပ်ကွက်ခံ 'တရုတ်တန်း၊ ပိုးတန်းလူငယ်အသင်း' က ကိုထွန်းထွန်းနိုင်၊ ကိုကျော်စိုးမိုး၊ ကိုနေမျိုးထွန်း၊ ကိုမြင့်ထွန်းတို့နဲ့ လူငယ်အချို့တွေကလည်း စစရာရာ ဝင်ပါကူညီလုပ်ကိုင်ပေးကြတယ်။

'ရပ်ကွက်ထဲ လှည့်ဝေဖို့ ဖိတ်စာရိုက်ဖို့ စာကြမ်းရေးစီပြီးပြီလား အာစရိ၊ အာစရိ ဦးလှဝင်းက လက်ရေးလှတော့ အာစရိပဲရေးပေးမယ် မဟုတ်လား အာစရိ ...' လို့ ကိုထွန်းထွန်းနိုင်က နှိုးဆော်ပေးတော့ ...။ ကျွန်တော့်အစ်ကို ကိုလှဝင်းက ...။

'အဲဒီမှာ သဘော်ခေါင်းတိုင် မီးခိုးတွေထ, အူနေသလား အောက်မေ့ရအောင် ဆေးလိပ်ဖွာနေတဲ့ မင့်ဆရာဝင်းကိုက စာသင်ရုံမက စာရေးဆရာကြီးပါဖြစ်နေတာ မင်းမသိဘူးထင်တယ် ထွန်းထွန်းနိုင် ....သူ့သာ စာကြမ်းစီခိုင်းတော့နော၊ ဒါမှ ငါ့လက်ရေးလှဆိုတာထက် စာသားပိုချောပိုလှမှာလေ ...' လို့ပြောရင်း ....ကျွန်တော့်ဘက် လက်ညှိုးထိုးပြရင်း ...ဘော်လီဘောပုတ်ထုတ်တယ်။

(ဆက်လက်ဖော်ပြပါမည်)



## မြတောင်ကျောင်းတိုက်အတွင်း ၂၀၂၄ခုနှစ် နိကာယ်စာမေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေး၊ မဟာအောင်မြေ မြို့နယ် မြတောင်ကျောင်းတိုက် အတွင်း၌ ၂၀၂၄ ခုနှစ် နိကာယ် စာမေးပွဲကို ဇွန် ၇ ရက် မွန်းလွဲ ပိုင်းက ကျင်းပခဲ့သည်။

မဟာအောင်မြေမြို့နယ်၌ နိကာယ်စာမေးပွဲများ ကျင်းပရ ခြင်းသည် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားပြန့်ပွားစေရန်၊ ပိဋကတ် သုံးပုံ ပါဠိတော်များကို သင်ယူ လေ့လာပွားများကြရန် ရည်ရွယ် ၍ နှစ်စဉ်ကျင်းပ ဆောင်ရွက် ပေးခဲ့ပြီး အဆိုပါစာမေးပွဲကို ဇွန် ၇ ရက်မှ ၁၁ ရက်အထိ မဟာ အောင်မြေမြို့နယ်အတွင်းရှိ သံဃာတော် ၁၈၀၁ပါး ဝင်ရောက် ဖြေဆိုခဲ့ရာ မြို့နယ်သံဃနာယက အဖွဲ့ ဆရာတော်ကြီးများ၊ သာသနာ ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သာသနာ့အကျိုးတော်ဆောင်အဖွဲ့ များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ မိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၉**

မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစု များမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ် မှ ကြွရောက်အလှူခံတော်မူကြ သော ဆရာတော်၊သံဃာတော် များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက် တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၈၂)ကြိမ်မြောက် အဖြစ် ဆွမ်း၊ ကြက်သားပဲငါးပိ ချက်၊ အစိမ်းကြော်တို့ကို ၃၆ လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြ သော ဆရာတော်၊ သံဃာတော် များအား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြ ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ် ၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက် အလှူခံနိုင်ရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး နေ့စဉ်

## ဘဝချမ်းသာ ကျောင်းပညာ

* စိတ်တူညီ တွဲလက်ကမ်းလို့
ပျော်ရွှင်လှမ်း ကျောင်းတော်မဟာ ။

* မျိုးဆက်သစ် လူငယ်များ
ပြည့်အားမှန်စွာ ။

* အမျိုးဂုဏ်သွေး ဖော်ဆောင်ကာ
တတ်သိဖြာ အကျိုးဆောင်ရေး ။

* အတန်းပညာ သင်ယူမှတ်လို့
ဂုဏ်မြတ်စေလေး ။

* အမျိုးဂုဏ် ဇာတိသွေးကိုပ
အလေးပေး ဦးရွက်တည် ။

* နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်မှု
ရေးရှုမှန်းရည် ။

* ကျောင်းတက်ကြလို့ ကြိုးစားမည်
သိမှတ်တည် လုံ့လထပ် ။

* တို့များဘဝ ပြည့်စုံလျှမ်းကာပ
ချမ်းသာအေးမြတ် ။ ။

**သူ့ထက်ဆန်း(မန္တလေး)**

## ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများအား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ကျန်းမာရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

**မြစ်သား ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်အတွင်းရှိ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများအား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင် ရှိ၊ မရှိနှင့် ကျန်းမာရေးလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ကြီးကြပ်ကော်မတီ မှ ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှု စစ်ဆေးခဲ့သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာ တွင် မြို့နယ်အတွင်းရှိ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအနေဖြင့် လိုင်စင်လျှောက်ထားရန်၊ လိုင်စင် သက်တမ်းရှိစေရေး သတိပေး ဆောင်ရွက်ရန်၊ လိုင်စင်မရရှိသေး သည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုလုပ် ရန်နှင့် ပိတ်သိမ်းရန်ညွှန်ကြား ထားသည့်လုပ်ငန်းများအား အမှန် တကယ်ပိတ်သိမ်းခြင်း ရှိ၊ မရှိကို အခါအားလျော်စွာ ရှောင်တခင် ကွင်းဆင်း လိုက်လံစစ်ဆေးခြင်း များ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ ကွင်းဆင်းစစ်ဆေး ရာသို့ မြို့နယ် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာ ဘုန်းမြတ်ကို ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူး မြတ် သီဟမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲမှူး ဌေးဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းသူနှင့် မြို့နယ်ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီး ကြပ်ကော်မတီအဖွဲ့ဝင်များက လိုက်လံစစ်ဆေးပြီး လိုအပ်သည် များကို မှာကြားခဲ့ကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## ကျွန်းလှ၌ "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ကျွန်းလှ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် 'လူငယ်နှင့် အကောင်းဆုံး သောဘဝကို တည်ဆောက်ခြင်း' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက စာဖတ်ဝိုင်းကျင်းပခြင်းဖြင့် လူငယ် လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ရှိပြီး အသိပညာ ဗဟုသုတရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်မြတ်နိုး သူများ(Book Club)အသင်းဝင် များနှင့် ကျောင်းသား၊ ကျောင်း သူများက စာရေးဆရာ ဒေါက်တာ ခင်မောင်ညို ရေးသားသည့် 'လူငယ်နှင့် အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း' စာအုပ်မှ သဘာဝဘေးအန္တရာယ် အကြောင်း ဖတ်ကြားဆွေးနွေး ကြသည်။

(ဝဲပုံ)

ထို့နောက် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထား သည့် စာအုပ်စာစောင်များ၊ နံရံ ကပ်စာစောင်၊ ဓာတ်ပုံများအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ ခဲ့ကြကြောင်း သိရသည်။(၄၈၀)





**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**



## သတင်းပဒေသာ

### ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ လိုက်လံငှားရမ်းပေး

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် မြောက်လွတ်ကုန်းကျေးရွာနှင့် လေသာတောင်သာရပ်ကွက်သို့ သွားရောက်ငှားရမ်းပေးကြပြီး လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အောင်မြတ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေး

ပျဉ်းမနားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက် ၂ နှစ်အထိကလေးများအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ယောက်သွားအင်းကျေးရွာ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးများအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် မွေးကင်းစမှ အသက်၂ နှစ်နှင့်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဇွန် ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဒေသကြက်များ(အခမဲ့)ဖြန့်ဖြူးပေးအပ်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသကြက်များ (အခမဲ့)ဖြန့်ဖြူးပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက တောညိုကျေးရွာအုပ်စု၊ အင်ပါကူကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (Women Club) အဖွဲ့ဝင်များ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဆရာကြီး ဗန်းမော်တင်အောင်၏ လူတန်းစားဘဝခံယူချက်နှင့် ဘဝအသိအမြင်များကို တိကျပြတ်သားစွာ ရေးဖွဲ့ထားသော 'အညတြ' စာအုပ်ဖြင့် ဇွန် ၆ ရက် နံနက်ပိုင်းက စာဖတ်ဝိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊လဲချားမြို့နယ်အခြေခံပညာမူလတန်း(ဟိုနောင်လုံ)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်ရန် ဆောင်ရွက်လျက်ရှိ



**ညောင်ဦး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းလုပ်ငန်းကို ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိရာ ကုသိုလ်ရှင်ပြည်သူအပေါင်းတို့အနေဖြင့် သဒ္ဓါတရားနည်းများမဆို လှူဒါန်းနိုင်ကြောင်းနှင့် ကြာမှောက်၊ ကြာလှန်နှင့်ရွဲတို့မှအပ အောက်ပိုင်းနေရာများအားလုံးတို့ကို မျက်ပါးရွှေဆိုင်း(၂၆၀၀၀)ဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန် စီစဉ်ထားရှိသည်။

သို့ဖြစ်ပါ၍ လှူဒါန်းလိုသူများအနေဖြင့် ရွှေပြားတစ်ချပ်လျှင် ငွေကျပ် ၁၂ သိန်းနှုန်း၊ ၂ လက်မပတ်လည်မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ မျက်ပါးရွှေဆိုင်းဝက်ကိုငွေကျပ် ၇၅၀၀၀ နှုန်း၊ မျက်ပါးရွှေဆိုင်း ၁၀ ရွက်ကို ငွေကျပ် ၁၅၀၀၀ နှုန်းတို့ဖြင့် လှူဒါန်းနိုင်ကြသည့်အပြင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးရုံး ၀၆၁-၂၄၆၀၂၆၂၊ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံး ၀၆၁-၂၄၆၀၂၆၅၊ ခရိုင်သာသနာရေးမှူးရုံး(၀၆၁-၂၄၆၀၈၄)၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး(၀၉၂၀၄၃၅၄၈)တို့နှင့် ဆက်သွယ်၍လည်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

## စာအောင်လက်မှတ်၊ စာအောင်ဆု လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်



**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် စလင်းဝိဘဒ္ဓဝါဒီစာသင်တိုက် တည်ထောင်ခြင်းနှစ် (၂၈) နှစ်ပြည့် မြောက်သည့် အထိမ်းအမှတ်နေ့ မင်္ဂလာနှင့် ဝိဘဇ္ဇဝါဒဓမ္မာနုဂ္ဂဟစာမေးပွဲတွင် စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုလှူဒါန်းခြင်း၊ သံဃာတော်အားလုံးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်းစသော လှူဖွယ်ရာများ စာရေးတံမဲချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊စလင်း ဝိဘဇ္ဇဝါဒီ စာသင်တိုက်တွင် ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားကို ဆရာတော် သံဃာတော်များ၊ အလှူရှင်နှင့် ဧည့်ပရိသတ်အပေါင်းတို့က 'နမောတဿ' သုံးကြိမ် ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စလင်း ဝိဘဇ္ဇဝါဒီ စာသင်တိုက်နာယက ဆရာတော် ဘဒ္ဒန္တနန္ဒသာရထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်ဆရာတော်ထံမှ အလှူရှင်နှင့်ဧည့်ပရိသတ်တို့က အနုမောဒနာနှင့် ရေစက်ချတရား နာယူကြည်ညိုကြ၍ စာအောင်သံဃာတော်များကို အောင်လက်မှတ်၊ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းပြီး 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက်တည်ထောင်နှစ် (၂၈)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်နေ့မင်္ဂလာနှင့် ဝိဘဇ္ဇဝါဒဓမ္မာနုဂ္ဂဟစာမေးပွဲတွင် စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့်စာအောင်ဆုလှူဒါန်းရာတွင် စာအောင်သံဃာစာချတန်း သုံးပါး၊ ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း တစ်ပါး၊ ပထမငယ်တန်း သုံးပါး၊ မူလတန်းကြီး ခုနစ်ပါး၊ မူလတန်းငယ်ခြောက်ပါး၊ မူကြိုတန်းကြီး(၁၃)ပါး၊ မူကြိုတန်းငယ်(၂၀)ပါးတို့အား အလှူရှင်များနှင့်တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်တွင်း သံဃာများအား စာရေးတံမဲချ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကျန်းမာရေးစစ်ဆေးကုသ စေတနာရှင်များမှ ဆေးပစ္စည်းများဝယ်ယူရန် ငွေလှူဒါန်း

**မန္တလေး ဇွန် ၉**

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို ဇွန် ၁ ရက် နံနက် ၆ နာရီတွင် ဖွင့်လှစ်ပြီး ဆေးခန်းတိုကင်ယူခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊သွေးချိန်ခြင်းများ ဆောင်ရွက်ပေးသည်။

လူမျိုးဘာသာဆင်းရဲချမ်းသာ ဒေသမရွေး မည်သူမဆိုအထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာပြည့်ဝသော ဆရာဝန်ကြီးများဖြင့် အခမဲ့ကုသနိုင်သည်။ လာရောက်ပြသသူများအား နံနက်ခင်းထမင်းဆီဆမ်း၊ ကြက်ဥကြော်များဖြင့် အာဟာရဒါနပြုသည်။

တို့လူငယ်ဆေးခန်းသို့ ဆေးပစ္စည်းများဝယ်ယူရန် မြရည်နန္ဒာအိမ်ရာနေ ဒေါ်တိုးတိုးလွင်၏ အသက် ၄၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ငွေကျပ်ငါးသိန်း၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနေ ဦးမြင့်သိန်း(မောင်ကျေးရေ)+ဒေါ်မေမိသားစုက လစဉ်အလှူ(ဇွန်လ)အတွက် ငွေကျပ်လေးသိန်းတို့ကိုလည်း လာရောက် လှူဒါန်းခဲ့ကြသည်။ ဒုတိယပတ်ဆေးခန်းကို ဇွန် ၁၅ရက်တွင် ဖွင့်လှစ်ကုသပေးမည်ဖြစ်သည်။

တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေးဆေးများအား ဖုန်း- ၀၉-၂၅၉၅၁၀၃၉၈နှင့် ၀၉-၂၅၅၀၆၈၅၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ယာပုံ)(ကဆ)**




**မျက်စိလှူကြ မျက်ကြည်ရ မြတ်သည့် လှူဒါန ။**

# လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်

မိုးဦးလေဦးသို့ရောက်ရှိလာပါက မိုးသက်လေပြင်း မိုးကြိုးပစ်ခြင်းတို့နှင့်အတူ ပေါ်လာသော အန္တရာယ်တစ်ခုရှိသည်။ လျှပ်စစ်ဓာတ်လိုက်မှု အန္တရာယ်ပင်ဖြစ်ပါသည်။ မိုးကြိုးပစ်ခြင်းကို ကာကွယ်၍မရသော်လည်း လျှပ်စစ်ဓာတ်လိုက်ခြင်းကိုမူ ကာကွယ်နိုင်ပါသည်။ မြွေကိုက်လျှင် ဆေးရှိပါသည်။ ဓာတ်လိုက်လျှင်ကား ဆေးလုံးဝမမီပါ။ ဆေးမရှိတာမဟုတ် ဆေးကုဖို့ပင် အချိန်မမီတာဖြစ်သည်။ မြန်မာစကားပုံ တစ်ခုရှိပါသည်။ သတိမမူတော့ ဂူမမြင်ဟုဆိုကြသည်။ အမှန်တော့ ပြည်သူတို့ သတိမမူလို့ အန္တရာယ်ဖြစ်နေကြခြင်းဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဆန်းပိုင်းတွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည့်အလျောက် ရန်ကုန်မြို့အခြေအနေကို ပိုမိုမျက်မြင်တွေ့ရှိခဲ့ရသည်။ ရန်ကုန်မြို့သည် လူဦးရေများပြားပြီး လူနေထူထပ်သိပ်သည်းရာ ဓာတ်လိုက်အန္တရာယ် ပိုမိုဖြစ်ပွားနိုင်ချေရှိသဖြင့် လျှပ်စစ်ဌာနဘက်မှ မြေအောက်ဓာတ်ကြိုးစနစ်စသည်တို့ဖြင့် ပြောင်းလဲဆောင်ရွက်နေသော်လည်း ဓာတ်လိုက်နိုင်ချေက ရှိနေဆဲပင်ဖြစ်ပါသည်။

သိပ္ပံပညာထွန်းကားသော ယနေ့လို ခေတ်မျိုးတွင် V=IR ဟူသော အုန်းနိယာမလို ပုံသေနည်းမျိုးကို လူတိုင်းနီးပါးသိကြသည်၊ ကြားဖူးကြပေလိမ့်မည်။ ဗို့အားဟူသည် လျှပ်စစ်စီးကြောင်းနှင့် ခုခံအားတို့နှင့် ဆက်စပ်နေသည်။ ခုခံအားသည် လျှပ်စစ်စီးအားနှင့်ပြောင်းပြန် အချိုးကျသည်။ ခုခံအားနည်းလျှင် လျှပ်စစ်စီးအားများလာပြီး ခုခံအားကြီးလျှင် လျှပ်စစ်စီးအားနည်းသွားမည်။ မိုးရာသီတွင် စိုစွတ်သောသဘောရှိသည်။ စိုစွတ်မှုများလျှင် ခုခံအားနည်းလာပြီး စိုစွတ်မှုနည်းလျှင် ခုခံအားများလာမည် စိုစွတ်မှုအလိုက် ခုခံမှုအနည်းအများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ခုခံအားအမျိုးအစား | ခုခံအားပမာဏ |
|---|---|---|
| ၁ | ခြောက်သွေ့သောအချိန် | ၁၀၀၀၀၀Ω မှ ၆၀၀၀၀၀Ω |
| ၂ | စိုစွတ်သောအချိန် | ၁၀၀၀Ω |
| ၃ | လက်မှ ခြေဖျားအထိ လျှပ်စစ်စီးဝင်ချိန် | ၄၀၀Ω မှ ၆၀၀Ω |
| ၄ | တိုက်ရိုက်ထိမိပြီး ကြားခံမရှိဘဲ ဖြတ်စီးသော အချိန် | ၁၀၀Ω |

ယနေ့ခေတ်တွင် လျှပ်စစ်ပစ္စည်းများကို လူတိုင်းအသုံးပြုလာကြပြီဖြစ်၍ လျှပ်စစ်နှင့်စပ်လျဉ်းပြီး အသိပညာများ၊ဆောင်ရန်ရှောင်ရန်များကို လူတိုင်းသိထားကြရန် လိုအပ်လာပြီဖြစ်ပါသည်။ မကြာခဏလျှပ်စစ်ဓာတ်လိုက်တာတွေ ကြားသိနေရတော့ ဘယ်လိုကာကွယ်သင့်တယ်ဆိုတာ သိထားကြမှသာ မိမိသာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်မှုအန္တရာယ်တွေကနေ ကာကွယ်နိုင်မှာ ဖြစ်ပါသည်။

အုန်းနိယာမအရ ကြည့်မယ်ဆိုလျှင် ဗို့အားကြီးလာလေ လျှပ်စီးကြောင်းကလည်း ကြီးလာလေဖြစ်လို့ အန္တရာယ်လည်း ပိုများလာပါမည်။ လျှပ်စီးကြောင်း ပမာဏအလိုက် ထိခိုက်နိုင်မှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လျှပ်စီးကြောင်းပမာဏ | ထိခိုက်မှုအခြေအနေ |
|---|---|---|
| ၁ | ၁ မီလီအမ်ပီယာ | ကြက်သီးမွေးညှင်းထခြင်း |
| ၂ | ၃ မှ ၅ မီလီအမ်ပီယာ | ဆတ်ကနဲဖြစ်ခြင်း |
| ၃ | ၆ မှ ၃၀ မီလီအမ်ပီယာ | နာကျင်မှုခံစားရခြင်း |
| ၄ | ၅၀ မှ ၁၅၀ မီလီအမ်ပီယာ | အပြင်းအထန်နာကျင်ပြီး အသက်ရှူရပ်သေဆုံးနိုင်ပါသည်။ |
| ၅ | ၉၀၀ မှ ၁၀၀၀ မီလီအမ်ပီယာ | နှလုံးရပ်ပြီး သေဆုံးနိုင်ပါသည်။ |

လျှပ်စီးနဲ့ထိပြီး ဓာတ်လိုက်မှုဖြစ်သည့်အခါ လျှပ်စီးကြောင်း ပမာဏအနည်းအများအပေါ်မူတည်သလို ကြာတဲ့အချိန်ပေါ်မှာလည်းမူတည်ပြီး ဓာတ်လိုက်မှုအန္တရာယ်ကလည်း အနည်းအများရှိနိုင်ပါသည်။ ဥပမာ-၁၀၀ မီလီအမ်ပီယာ လျှပ်စစ်စီးကြောင်းကိုအချိန် သုံးစက္ကန့်ကြာအောင် ထိမိသည့် ဓာတ်လိုက်မှုနှင့် ၉၀၀ မီလီအမ်ပီယာ လျှပ်စစ်စီးကြောင်းကို အချိန် ၀ ဒသမ ၀၃ စက္ကန့်သာ ထိမိပြီး ဓာတ်လိုက်သည့်အခြေအနေက အတူတူပဲဖြစ်ပြီး သေဆုံးနိုင်သည်အထိ ဖြစ်နိုင်ပါသည်။

လျှပ်စစ်ပစ္စည်းများကို ပြုပြင်ဆောင်ရွက်သည့်အခါ လျှပ်စစ်ရှိ၊ မရှိ သေချာဖို့လိုသလို မြေဓာတ်ချထားခြင်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းတို့ကိုလည်း မဖြစ်မနေဆောင်ရွက်ကြဖို့လိုပါသည်။ အကြောင်းမှာ လျှပ်စစ်ဓာတ်အားပိတ်ထားသော အခြေအနေတွင်ပင် Feedback ခေါ် အခြားနေရာမှ နောက်ပြန် စီးဝင်နိုင်ခြင်း၊ မိုးကြိုးပစ်၍ လျှပ်စီးဝင်ခြင်း ဓာတ်အားလိုင်းများအကြား Induce ဖြစ်၍ လျှပ်စစ်စီးဝင်ခြင်းစသည်တို့ ကြုံတွေ့လာနိုင်သောကြောင့် ဖြစ်ပါသည်။ ဖြစ်နိုင်ပါက လျှပ်စစ်လုပ်ငန်း လုပ်ကိုင်မည့်မည်သူမဆို သင့်လျော်သော အကာအကွယ်ပစ္စည်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။လျှပ်စစ်တပ်ဆင်ရေး ဆောင်ရွက်သူများသည် သင်တန်းများ သေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝလိုက်နာ ဆောင်ရွက်ကြရန်လိုပါသည်။ မီးလင်းလျှင်ပြီးရော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းသည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ပင်ဖြစ်၍ သုံးစွဲသူတို့အဖို့ အန္တရာယ်ကြီးမားလှပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများ၊ ပရိဂျက်ကြီးများမှအစ နေအိမ်များအဆုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့်အခါ Load အတိုင်းအတာအလျောက် Cable နှင့် Breaker များကို သင့်လျော်သည့် အရွယ်အစားဖြင့် စနစ်တကျတပ်ဆင် အသုံးပြုသင့်ပါသည်။ ဖြစ်ကတတ်ဆန်း သွယ်တန်းအသုံးမပြုသင့်ပါ၊ အန္တရာယ်အလွန်ကြီးမားလှ၍ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားဗို့အားအလိုက် Clearance ဟုခေါ်သော ဓာတ်လိုက်မှုမှ ရှောင်ရှားနိုင်စေရန် ဗို့အားအလိုက်ရှိရမည့် အကွာအဝေးများကိုလည်း ပြည်သူများအလွယ်တကူ သိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

| စဉ် | ဗို့အား | ဓာတ်လိုက်မှု ရှောင်ရှားရန်ရှိရမည့် အကွာအဝေး |
|---|---|---|
| ၁ | ၂၃၀ဗို့ | တိုက်ရိုက်ထိမှ ဓာတ်လိုက်နိုင်သည် |
| ၂ | ၄၀၀ဗို့(သို့)၀.၄ ကီလိုဗို့ | ။ |
| ၃ | ၃၃၀၀ဗို့(သို့)၃.၃ကေဗွီဗို့ | ၁ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၄ | ၆၆၀၀(သို့)၆.၆ကေဗွီဗို့ | ။ |
| ၅ | ၁၁၀၀၀(သို့)၁၁ကေဗွီဗို့ | ။ |
| ၆ | ၃၃၀၀၀ဗို့ (သို့)၃၃ကေဗွီဗို့ | ၃ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၇ | ၆၆၀၀၀(သို့)၀.၄ ကေဗွီဗို့ | ၄ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၈ | ၁၃၂၀၀၀(သို့)၁၃၂ ကေဗွီဗို့ | ၆ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |
| ၉ | ၂၃၀၀၀၀(သို့)၂၃၀ကေဗွီဗို့ | ၉ပေ အကွာမှ ဓာတ်လိုက်နိုင်သည် |

မည်သို့ပင်ဆိုစေကာမူ လျှပ်စစ်ဓာတ်ကြိုးကိုမြင်လျှင် လျှပ်စစ်စီးဝင်နေသည်ဟု မှတ်ယူ၍ ပေါ့ပေါ့ဆဆ မကိုင်တွယ်မိကြဖို့လိုသည်။ အချို့သော လျှပ်စစ်ကျွမ်းကျင်လုပ်သားကြီးများပင်လျှင် ဓာတ်လိုက်မှုကို မကြာခဏ ကြုံတွေ့နေရသည်က သက်သေသာကေပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်စီးဝင်နိုင်သည်ဖြစ်ရာ လျှပ်စစ်စီးဝင်နေသည် (ဝါ)လျှပ်စစ်ရှိနေသည်ဟူသော အတွေးဖြင့် ပေါ့ပေါ့ဆဆ မကိုင်တွယ်ခြင်းသည်သာ လျှပ်စစ်အန္တရာယ်ကို ကာကွယ်ရာရောက်ပါသည်။

လျှပ်စစ်စီးကြောင်းနှင့် ထိတွေ့မှုကြောင့်သာ ဓာတ်လိုက်မှုဖြစ်ပွားရခြင်းဖြစ်ပြီး အန္တရာယ်မပြုနိုင်သည့် ဗို့အားသတ်မှတ်ချက်မှာ မြန်မာနိုင်ငံတွင် ၄၀ ဗို့ဖြင့် ဥရောပတိုက်တွင် ၆၅ ဗို့အား သတ်မှတ်ထားပါသည်။ ရေစိုနေသည့်အချိန်တွင် လျှပ်တားခုခံနိုင်စွမ်းသည် အဆ (၁၀၀၀)နီးပါး လျော့ကျသွားသဖြင့် ရေစိုနေချိန်တွင် လျှပ်စစ်ပစ္စည်းများကို အကာအကွယ်မဲ့စွာဖြင့် လုံးဝကိုင်တွယ် အသုံးမပြုသင့်ပါ။

ဖြစ်နိုင်ပါက လျှပ်စစ်လုပ်ငန်း လုပ်ကိုင်မည့်မည်သူမဆို သင့်လျော်သောအကာအကွယ်ပစ္စည်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ လျှပ်စစ်တပ်ဆင်ရေး ဆောင်ရွက်သူများသည် သင်တန်းများ သေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ကြရန်လိုပါသည်။ မီးလင်းလျှင်ပြီးရော စိတ်ဓာတ်ဖြင့်ဆောင်ရွက်ခြင်းသည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရော စိတ်ဓာတ်ပင်ဖြစ်၍ သုံးစွဲသူတို့အဖို့ အန္တရာယ်ကြီးမားလှပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများ၊ ပရိဂျက်ကြီးများမှအစ နေအိမ်များအဆုံး လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့်အခါ Load အတိုင်းအတာအလျောက် Cable နှင့် Breaker များကို သင့်လျော်သည့် အရွယ်အစားဖြင့် စနစ်တကျတပ်ဆင် အသုံးပြုသင့်ပါသည်။ ဖြစ်ကတတ်ဆန်း သွယ်တန်းအသုံးမပြုသင့်ပါ၊ အန္တရာယ်အလွန်ကြီးမားလှ၍ ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

မောင်မောင်စွယ်စုံထွန်း

လျှပ်စစ်လုပ်ငန်း လုပ်ကိုင်မည့်မည်သူမဆို သင့်လျော်သော အကာအကွယ်ပစ္စည်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်၊ လျှပ်စစ်တပ်ဆင်ရေး ဆောင်ရွက်သူများသည် သင်တန်းများ သေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ကြရန်လိုပါသည်၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ် ဆက်ကပ်အပ်နှံစဉ်။

✪ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝိဇယမင်္ဂလာမဏ္ဍသဘင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်း တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အရိယာသာဝတ္ထိဂါထာနှင့်မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ နိုင်ငံတော်အဆင့် အဆောင်အယောင် မော်တော်ယာဉ်များ ဆက်ကပ်အပ်နှံခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှောက်ထား တင်ပြရာတွင် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးတို့အတွက် မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၂ ရက်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို အောင်မြင်စွာဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးသည် နိုင်ငံတော်၏ အဆင့်မြင့်ဆုံးသော သံဃာ့ အဖွဲ့အစည်းအဖြစ် ရပ်တည်လျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်တော်မူလျက်ရှိသည်ကို သိရှိကြည်ညိုဝမ်းမြောက်ရပါကြောင်း။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က ဆရာတော်ကြီးထံ ဆက်ကပ်အပ်နှံထားရှိသည့် နိုင်ငံတော်အဆင့် အဆောင်အယောင်မော်တော်ယာဉ်အား ပရိတ်နံ့သာရည်များပက်ဖျန်း၍ သဒ္ဒိမင်္ဂလာ ဆင်ယင်ကြစဉ်။

စာမျက်နှာ ၃ သို့ »»